# ရန္ဒာပုံ ရတနာ / မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၉၆) ၊ ၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း ၇ ရက် ၊ ၅-၃-၂၀၂၅၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putinနှင့် သီးခြားတွေ့ဆုံဆွေးနွေး

ယခုနိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်၊ နှစ်နိုင်ငံသည် ရှေးသမိုင်းအစဉ်အဆက်ကတည်းကပင် အေးအတူပူအမျှနေထိုင်ခဲ့ကြ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ(၇၇)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၊ ယခုကဲ့သို့တွေ့ဆုံဆွေးနွေးမှုသည် မိမိတို့နှစ်နိုင်ငံအတွက် များစွာအကျိုးရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ သီးခြားတွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၃ သို့ ❖

၂၀၂၅ ခုနှစ် ၊ မတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။

## MSME လုပ်ငန်းရှင်များအား အသိပညာများ ဖြန့်ဝေပေးလျက်ရှိ

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်မှုနှင့်အညီ နေပြည်တော်၌ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေးနှင့်သက်ဆိုင်သည့် အတည်ပြုဆုံးဖြတ်ရမည့်အချက်များအား MSME လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏လမ်းညွှန်မှုကို အချိန်နှင့်တစ်ပြေးညီခံယူပြီး အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်သည့်ပွဲတစ်ပွဲဖြစ်ခဲ့ကြောင်း၊ ဒေသထုတ်ကုန်များမှ Export ထုတ်ကုန်များအဖြစ် အဆင့်မြှင့်ထုတ်လုပ်နိုင်ရေးနည်းပညာများ၊ ထုပ်ပိုးမှုပုံစံများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ဝန်ကြီးဌာနများ၏ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများကို MSME လုပ်ငန်းရှင်များအား အသိပညာများ ဖြန့်ဝေပေးနိုင်ခဲ့သည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ဒေသထွက် ရိုးရာအစားအစာများကိုလည်း တိုင်းရင်းသားပြည်သူလူထုသို့ ထုတ်လုပ်ရောင်းချနိုင်ခဲ့ကြောင်း၊ နောင်ကျင်းပမည့် MSME ပြပွဲနှင့် ပြိုင်ပွဲများကို ယခုထက်ပိုမိုအဆင့်အတန်းမီစွာ ဆောင်ရွက်နိုင်ရေးအတွက် အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ခြင်းဖြစ်ကြောင်း၊ ဆပ်ကော်မတီအသီးသီး၏ တွေ့ကြုံခဲ့သည့် အားနည်းချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မတ် ၃ ရက် မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆိုင်ရာ သုံးသပ်ခြင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြပွဲနှင့် ပြိုင်ပွဲ ထပ်မံကျင်းပသည့်အခါ ဒေသဆိုင်ရာအေဂျင်စီများအနေဖြင့် လုပ်ငန်းအသစ်များပေါ်ထွက်လာစေရေး၊ ထုတ်ကုန်အသစ်၊ ပြည်ပပို့ကုန်အသစ်များ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ ပိုမိုတိုးတက်ပေါ်ထွက်လာစေရေး ပံ့ပိုးကူညီအားပေး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးက ပြပွဲနှင့် ပြိုင်ပွဲကျင်းပခဲ့မှုအခြေအနေတို့ကိုလည်းကောင်း၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများက ပြပွဲနှင့်ပြိုင်ပွဲကျင်းပရန် စီမံဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့စဉ် အားနည်းချက်၊ အားသာချက်နှင့် အကြံပြု သုံးသပ်ချက်များကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

MSME ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲတွင် MSME စတင်ဆောင်ရွက်လိုသူများနှင့် လုပ်ငန်းလုပ်ကိုင်နေသူများအတွက် အခွင့်အရေး၊ အသိပညာ၊ နည်းပညာ၊ စီးပွားရေးဗဟုသုတများ တိုးတက်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ MSME လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာများ ပေါင်းကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများလိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးတွင် (AI)နည်းပညာသင်တန်းဖွင့်လှစ်



**မန္တလေး မတ် ၄**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် AI နည်းပညာကို ကဏ္ဍအလိုက် အကျိုးရှိမည့်နေရာများတွင် အသုံးချလျက်ရှိသကဲ့သို့ သတင်းတု၊ သတင်းမှားများ၊ Deep Fake Video များ ထုတ်လွှင့်ရာတွင်လည်း အသုံးပြုလာနေပြီဖြစ်ရာ AI နှင့်ပတ်သက်သည့် အကြောင်းအရာများကို ဝန်ထမ်းတိုင်းက သိရှိနားလည်ထားကြစေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက Artificial Intelligence (AI) နည်းပညာသင်တန်းကို ယနေ့ နံနက်ပိုင်းက မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂လမ်းရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre သင်တန်းခန်းမတွင် ဖွင့်လှစ်ပို့ချသည်။

(AI) နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယမင်းလှိုင်က (AI)သင်တန်းတွင် ပါဝင်မည့် သင်ခန်းစာများအကြောင်း ရှင်းလင်းပြောကြားကာ သင်တန်းနည်းပြက သင်တန်းကို ဆက်လက်ပို့ချပေးသည်။ (ဓဝံ)

အဆိုပါသင်တန်းသို့ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူ၊ မန္တလေးမြို့ပေါ်ရှိ မြို့နယ်အသီးသီးမှ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ ဒုတိယဦးစီးမှူး၊ ဓါတ်ပုံကျွမ်းကျင်နှင့် ရုပ်သံကျွမ်းကျင်ဝန်ထမ်း စုစုပေါင်း(၃၅)ဦးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

(၀၉၃)

၀-၀-၀-၀-၀

## ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆယ်ယူရှင်းလင်း

**မြစ်သား မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်းရှိ ရပ်ကွက်(၆)ရပ်ကွက်တို့တွင် အဓိကကျသည့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းလုပ်သားများဖြင့် နေ့စဉ် ရေနုတ်မြောင်းများအတွင်းမှ အမှိုက်သရိုက် ဆယ်ယူရှင်းလင်းခြင်း ကို စီမံချက်ချမှတ်၍ ရပ်ကွက်အစဉ်အလိုက် အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ကြပြီး မြို့နယ်တာဝန်ခံအရာရှိများက ကြီးကြပ်ကာ ဝန်ထမ်းများနှင့် စက်ယန္တရားများ အသုံးပြု၍ လုပ်ငန်းတာဝန်များကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၏ စီမံညွှန်ကြားမှုဖြင့် မြို့နယ်အတွင်းရှိ သန့်ရှင်းရေးမြောင်းဆယ်လုပ်သားများသည် ရေစီးရေလာကောင်းမွန်ရေးအတွက် အလှည့်ကျရပ်ကွက်များ၌ မြောင်းအတွင်းရှိ ပိတ်ဆို့နေသည့်အမှိုက်သရိုက်များကို လူအင်အားဖြင့်လည်းကောင်း၊ စက်ယန္တရားများဖြင့်လည်းကောင်း ဆယ်ယူရှင်းလင်း၍ မော်တော်ယာဉ်များဖြင့် သိမ်းဆည်းစွန့်ပစ်၍ ဆောင်ရွက်ခဲ့ကြသည်။ မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း ရပ်ကွက်နေပြည်သူများ၏လိုအပ်ချက်အရ သက်ဆိုင်ရာမြို့နယ်သို့ တင်ပြလာပါက ချက်ချင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးအောင်ထံမှ သိရသည်။ **ဝင်းမင်းထွန်း(ပြန်/ဆက်)**

## ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင် ပြသ

**ပခုက္ကူ မတ် ၄**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရေးရည်ရွယ်၍ ယနေ့ နံနက် ၉နာရီက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၊ အသိပညာပေးနံရံကပ်ပြဘုတ်၌ ပြသဆောင်ရွက်ကြသည်။

အဆိုပါအသိပညာပေးနံရံကပ်စာစောင်တွင် ကလေးအလုပ်သမား၏အဓိပ္ပာယ် ကလေးအလုပ်သမား ပေါ်ပေါက်ရသည့်အကြောင်းရင်းများ၊ ကလေးအလုပ်သမားများ အများဆုံးတွေ့မြင်ရသည့် အလုပ်အမျိုးအစားများနှင့် အလုပ်ဌာနနေရာများ၊ ကလေး အလုပ်သမားဆိုင်ရာဥပဒေများ၊ ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေသူများအား အရေးယူအပြစ်ပေးနိုင်သည့် ပြစ်မှုပြစ်ဒဏ်များ၊ ကလေးအလုပ်သမားပပျောက်ရေး ဆောင်ရွက်မည့် နည်းလမ်းများပါဝင်သည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ရုပ်ပြများ၊ မှတ်တမ်းဓာတ်ပုံများကို စနစ်တကျပြသရာ ပြည်သူများ စိတ်ဝင်စားစွာ လေ့လာဖတ်ရှုကြသည်။



ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၏ နေ့ထူးနေ့မြတ်ဆိုင်ရာ အကြောင်းအရာများ၊ နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းဆောင်ရွက်မှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကို လစဉ်ပုံမှန် ပြောင်းလဲပြသပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၃၄၀)

၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

❖ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး သီးခြားတွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပြည်ပဆက်ဆံရေး လက်ထောက်အရာရှိ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုနိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက်ပိုမိုတိုးတက်လာပြီဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မော်စကိုမြို့တွင် တွေ့ဆုံမှုအတွက် ဝမ်းမြောက်ကြောင်းကို မိမိအနေဖြင့် ထပ်မံပြောကြားလိုပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ ရုရှားနိုင်ငံ၏ အထင်ကရဖြစ်သည့် ကရင်မလင်နန်းတော်၌ အဆွေတော်နှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌ တွေ့ဆုံခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်တွေ့ဆုံ ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများ ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံသည် ရှေးသမိုင်းအစဉ်အဆက်ကတည်းကပင် အေးအတူပူအမျှ နေထိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ (၇၇)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုသည် မိမိတို့နှစ်နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း၊ တွေ့ဆုံမှုအတွက်လည်း ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်သည်။

### အပြန်အလှန်ဆွေးနွေး

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကုန်ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသသိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

ယင်းနောက် နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်းသတ်မှတ်ချက်နှင့် ပညာရပ်ဆိုင်ရာဘွဲ့၊ ဒီဂရီများ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်အခွန်ဆိုင်ရာ ကိစ္စရပ်များဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာနားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း စာချွန်လွှာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရာတွင် နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေး နှင့်အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(မူကြမ်း)အပေါ် ဆွေးနွေးညှိနှိုင်းမှု အောင်မြင်စွာပြီးမြောက်ခြင်းနှင့် စပ်လျဉ်း၍ ပူးတွဲကြေညာချက်တို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့ရှေ့မှောက်၌ အသီးသီး လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။ (ဝဲပုံ)





ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားခဲ့ကြောင်းနှင့် နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားမှုများကို သီးခြားဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန် ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ

နေပြည်တော်၊ ၂၀၂၅ မတ်လ ၄ ရက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ရုရှားနိုင်ငံကို အလည်အပတ်ခရီးလာရောက်တဲ့အတွက် ကြိုဆိုပါတယ်။ နှစ်နိုင်ငံအကြားမှာ စိတ်ချယုံကြည်ရတဲ့ ဆက်ဆံရေးလည်း ရှိပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုကို အဓိကထားဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို လွန်ခဲ့တဲ့နှစ်တွေကတည်းက လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်ကစပြီး ဆိုဗီယက်ပြည်ထောင်စုက နိုင်ငံများအနက် ရုရှားနိုင်ငံက မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးကို ပထမဆုံးအသိအမှတ်ပြုခဲ့ပါတယ်။ နောင် ဆိုဗီယက်ပြည်ထောင်စုက မြန်မာနိုင်ငံကို အကူအညီတွေပေးခဲ့ပါတယ်။ ပြီးတော့ ပညာရှင်များကိုလည်း ကူညီပေးခဲ့ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုရဲ့ အကူအညီနဲ့ မြန်မာနိုင်ငံမှာ ပညာရေးနဲ့ ကျန်းမာရေးနယ်ပယ်၌ အရေးကြီးတဲ့ စီမံကိန်းကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာလည်း ရုရှားနိုင်ငံက မြန်မာနိုင်ငံကို အားပေးကူညီလျက်ရှိပြီး မြန်မာစက်မှုစီးပွားရေး အခန်းကဏ္ဍမှာလည်း အကူအညီပေးပါတယ်။ မြန်မာနိုင်ငံပြည်တွင်းရေးအခြေအနေကိစ္စရပ်များ ကောင်းမွန်စေဖို့အတွက်ကိုလည်း ထောက်ခံအားပေးနေပြီးတော့ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ပြောင်းလဲအတည်ပြုခဲ့ပါတယ်။ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုမှာ ကျွန်တော်တို့ ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်စေဖို့ ပါရှိပါတယ်။ လွန်ခဲ့တဲ့နှစ်က ကျွန်တော်တို့ နှစ်နိုင်ငံ ကုန်သွယ်ရေးပမာဏ ၄၀ ရာခိုင်နှုန်းခန့် တိုးမြှင့်ခဲ့ပြီး ယခင်က သန်း ၂၀၀၀ ခန့် ရှိပါတယ်။ ကျွန်တော်တို့အပြန်အလှန်ကုန်သွယ်ရေးကို တိုးတက်စေဖို့ အဆင်သင့်ရှိပါတယ်။ ချေးငွေနဲ့ဘဏ္ဍာရေးနယ်ပယ်မှာလည်း ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

ကျွန်တော်တို့ နှစ်နိုင်ငံရဲ့အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ကလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မကြာခင်က ကုန်သွယ်ရေးကော်မရှင်အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ စွမ်းအင်အခန်းကဏ္ဍမှာလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ အခြားနယ်ပယ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ မိမိတို့အနေနဲ့ အသင့်ရှိပါတယ်။ အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များတိုးတက်ရေး၊ မြန်မာနိုင်ငံတွင် အသေးစားအဏုမြူဓာတ်အားပေးစက်ရုံဆောက်လုပ်ရေးအတွက် သဘောတူညီခဲ့ပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးအတွက်လိုအပ်တဲ့ လျှပ်စစ်ဓာတ်အား ပေါပေါများများပေးနိုင်ပါမယ်။ မြန်မာနိုင်ငံမှာ ဆောက်လုပ်ရေးနဲ့ပတ်သက်တဲ့ သဘောတူညီချက်အချို့ရှိခဲ့ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပညာရပ်ပိုင်းဆိုင်ရာတွေကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ စက်မှုနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်မှာ ကျွန်တော်တို့ ပူးတွဲစီမံကိန်းကို အကောင်အထည်ဖော်နေပါတယ်။ ရုရှားနိုင်ငံ အကူအညီနဲ့ မြန်မာနိုင်ငံမှာ ဂြိုဟ်တုက ရရှိထားတဲ့အချက်အလက်များ လေ့လာရေးစင်တာကို ဖွဲ့စည်းထားပါတယ်။ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့လည်း ရုရှားနိုင်ငံ ဒုံးပျံနှင့်အာကာသဗဟိုဌာနကို လေ့လာခဲ့ပါတယ်။ ရုရှားနိုင်ငံက အာကာသနယ်ပယ်မှာ အောင်မြင်မှုနဲ့ပတ်သက်ပြီး ဗဟုသုတများစွာ ရရှိနိုင်မှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနယ်ပယ်နဲ့ လူသားချင်းစာနာမှုနယ်ပယ်မှာလည်း ပူးပေါင်းဆောင်ရွက်ပါမယ်။ မြန်မာနိုင်ငံမှာ ရုရှားယဉ်ကျေးမှုဗဟိုဌာနကို ဖွင့်ဖို့ရှိပြီးတော့ ရန်ကုန်မြို့မှာ ပထမဆုံး အော်သိုဒေ့ါ ခရစ်ယာန် ရုရှားဘုရားရှိခိုးကျောင်း တည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်။ ရုရှားနိုင်ငံမှာလည်း မြန်မာနိုင်ငံယဉ်ကျေးမှုနဲ့ ဗုဒ္ဓဘာသာဗဟိုဌာန နှစ်ခုရှိပါတယ်။

မြန်မာနိုင်ငံသူ/နိုင်ငံသားများ ရုရှားဘာသာစကားကိုသင်ယူဖို့အတွက် မြန်မာနိုင်ငံမှ ခေါင်းဆောင်များက အကူအညီပေးတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ ရုရှားဘာသာစကားကို မြန်မာနိုင်ငံမှာ နာမည်ကြီးတက္ကသိုလ်နှစ်ခုဖြစ်တဲ့ ရန်ကုန်နဲ့ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်နဲ့ စစ်တက္ကသိုလ်မှာလည်း ရုရှားဘာသာစကားကို သင်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ရုရှားဘာသာစကားကို ယခုထက်ပိုမိုသင်ကြားပေးဖို့ အစီအစဉ်ရှိပါတယ်။ အခုရုရှားတက္ကသိုလ်မှာ မြန်မာနိုင်ငံမှ သင်တန်းသား သင်တန်းသူ ဦးရေ ၃၀၀ ခန့် တက်ရောက်ပညာသင်ကြားလျက် ရှိပါတယ်။ ရုရှားနိုင်ငံတက္ကသိုလ်အသီးသီးကနေ ပညာရပ်များ သင်ယူတတ်မြောက်ခဲ့တဲ့ မြန်မာနိုင်ငံမှ သင်တန်းသား သင်တန်းသူ စုစုပေါင်းဆိုပါက ဦးရေ တစ်သောင်းခန့်ရှိခဲ့ပြီဖြစ်ပါတယ်။ မေလ ၉ ရက်နေ့မှာ (၈၂) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကို မော်စကိုမှာကျင်းပမှာဖြစ်ပြီးတော့ အဆွေတော်ဝန်ကြီးချုပ်ကို အခမ်းအနားကို ပါဝင်တက်ရောက်နိုင်ဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်။ မြန်မာနိုင်ငံက ကိုယ်စားပြုတပ်ဖွဲ့ကိုလည်း ရင်ပြင်နီချီတက်ပွဲမှာ ပါဝင်ချီတက်စေလိုပါတယ်။ နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးလိုပြီးတော့ နိုင်ငံတကာပြဿနာအများစုနဲ့ပတ်သက်ပြီး ရုရှား-မြန်မာ ရပ်တည်ချက်တွေက ကိုက်ညီပါတယ်။ တူညီပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေရှိပြီးတော့ အရှေ့ပစိဖိတ်ဒေသများ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ရုရှားနဲ့ မြန်မာနိုင်ငံတို့ လုံခြုံရေးနယ်ပယ်မှာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်များကို အတူတူပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အဆွေတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ခရီးစဉ်မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများစွာကို ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ ရုရှားနိုင်ငံ ခရီးစဉ်အတွင်း ဆွေးနွေးပွဲများ၊ ဆွေးနွေးမှုများ အောင်မြင်မှုရရှိခဲ့ပါတယ်။ ရရှိထားတဲ့ ရလဒ်တွေကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်အသီးသီးမှာ ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော် ခိုင်ခိုင်မာမာယုံကြည်ပါတယ်။ မိမိရဲ့ဆွေးနွေးချက်များကို စိတ်ရှည်လက်ရှည် နားထောင်ပေးခဲ့တဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။

လေးစားအပ်ပါတဲ့ အဆွေတော် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ နိုင်ငံသမ္မတကြီး မစ္စတာဗလာဒီမာပူတင်နှင့် တက်ရောက်လာကြတဲ့ နှစ်ဖက်က ဧည့်သည်တော်များခင်ဗျာ။ ကျွန်တော်က သမ္မတကြီး မစ္စတာပူတင်ရဲ့ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံကိုချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့အရေးပါပြီးယုံကြည်ရတဲ့ မိတ်ဆွေနိုင်ငံ တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အပြန်အလှန် ယုံကြည်မှု၊ နားလည်မှု၊ လေးစားမှုတွေနဲ့ အခြေခံတည်ဆောက်ထားတဲ့ နှစ်နိုင်ငံဆက်ဆံရေးကို ကျွန်တော်တို့အနေနဲ့ တန်ဖိုးထားပါကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။ ၁၉၄၈ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့ သံတမန်ဆက်ဆံရေးဟာ နှစ်ပေါင်း (၇၇) နှစ်ကျော် ကြာခဲ့ပြီဖြစ်ပါတယ်။ ချစ်ကြည်ရင်းနှီးမှုဟာလည်း ပိုမိုနက်ရှိုင်းလာပြီးတော့မှ ပူးပေါင်းဆောင်ရွက်မှုတွေဟာလည်း ပိုမိုအောင်မြင်တိုးတက်လာတာကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ချစ်ကြည်ရေးခရီးစဉ်မှာ အဆွေတော်သမ္မတကြီး မစ္စတာပူတင်နဲ့ နှစ်နိုင်ငံရဲ့နိုင်ငံတကာအခြေအနေအရပ်ရပ်ကို ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ခဲ့ပါတယ်။ အလားတူ ရုရှားနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mr. Mikhail Vladimirovich Mishustim နဲ့ လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးနဲ့လည်း တွေ့ဆုံပြီးတော့မှ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနဲ့ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်ရေးတို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ယနေ့တွေ့ဆုံပွဲမှာလည်း ကျွန်တော်တို့နှစ်ဦးဟာ နှစ်ဖက်သဘောတူညီချက်များစွာကိုလည်း မြှင့်တင်ဆောင်ရွက်နိုင်ပါတယ်။ အထူးသဖြင့် သမ္မတကြီးအနေဖြင့်လည်း အသေးစိတ်အားဖြင့် ရှင်းပြပြီးဖြစ်ပါတယ်။ နှစ်ဖက်ယုံကြည်စိတ်ချစွာ ဆွေးနွေးမှုများကြောင့် သဘောတူညီချက် (၁၀) ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ခရီးစဉ်အတွင်းမှာ စိန့်ပီတာစဘတ်မြို့နဲ့ နိုဗာစီဘစ်ရ်စ်ခ်မြို့တို့မှာ မြန်မာကောင်စစ်ဝန်ရုံးများကိုလည်း တရားဝင်ဖွင့်လှစ်သွားမှာဖြစ်တာကြောင့် နှစ်ဖက်အကြား ဆွေးနွေးဖလှယ်မှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပြီး တိုးချဲ့ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်ပါတယ်။ ယခုခရီးစဉ်ကနေ တစ်ဆင့် ကျွန်တော်တို့နှစ်နိုင်ငံအကြားမှာ ချစ်ကြည်ရင်းနှီးမှုဟာ ပိုမိုနက်ရှိုင်းစေပြီးတော့မှ နှစ်ဖက်အကြားမှာ ကုန်သွယ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ စက်မှုနဲ့ စွမ်းအင်ကဏ္ဍတို့အပါအဝင် အကျိုးတူကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတွေလည်း မကြာခင်ကာလအတွင်းမှာ ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံနဲ့ ရုရှားပြည်သူလူထုကနေပြီးတော့မှ ရုရှားနိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ကိစ္စရပ်မှန်သမျှကို မြန်မာနိုင်ငံက အပြည့်အဝရပ်တည်ပါကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရေးရည်မှန်းချက်များပြည့်မီဖို့ ဆောင်ရွက်တဲ့အချိန်မှာ ရုရှားနိုင်ငံက ဒေသတွင်းရဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ မြန်မာနိုင်ငံအပေါ်မှာ စဉ်ဆက်မပြတ်ထောက်ခံပေးမှုတွေကိုလည်း ကျေးဇူးတင်ရှိပါကြောင်း အလေးအနက် ကျွန်တော်ပြောကြားလိုပါတယ်။ နောင်အနာဂတ်မှာလည်း ကျွန်တော်တို့နှစ်နိုင်ငံကြားမှာ အပြည်ပြည်ဆိုင်ရာမျက်နှာစာမှာ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါတယ်။

အဆွေတော်သမ္မတကြီးခင်ဗျာ -မြန်မာနိုင်ငံနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်မြင့်မားစေဖို့အတွက် ကျွန်တော့်အနေနဲ့ အတူတကွ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်လောင်းဆန္ဒပြုပါတယ်။ ကျွန်တော်တို့ချစ်ကြည်ရေး ခရီးစဉ်ကို အစစအရာရာပြည့်စုံအောင် ဆောင်ရွက်ပေးမှုများ၊ နွေးထွေးစွာကြိုဆိုမှုများအတွက်ကိုလည်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနဲ့ အဆွေတော် သမ္မတကြီးကို အခါအခွင့်သင့်တဲ့အချိန်မှာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး လာရောက်နိုင်ဖို့အတွက်ကိုလည်း ဖိတ်ကြားအပ်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေးဖိတ်ခေါ်မှုများ၊ နှစ်နိုင်ငံအကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimir-ovich Mishustim နှင့် ရုရှားအစိုးရအဖွဲ့ အိမ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲပြုလုပ်မည့် ရုရှားအစိုးရအဖွဲ့အိမ်တော်သို့ ရောက်ရှိလာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး တွေ့ဆုံပွဲကို ကျင်းပပြုလုပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) နှင့် တာဝန်ရှိသူများ၊ ရုရှားအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အတူ ရုရှားအစိုးရအဖွဲ့မှဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ယခုကဲ့သို့ မိမိတို့နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုအတွက် များစွာဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ အာရှပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကလုပ်ဖော်ကိုင်ဖက် မဟာမိတ်နိုင်ငံတစ်ခုဖြစ်ပါကြောင်းနှင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေမည်ဖြစ်ကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ဦးစွာ ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

### တိုးတက်ကောင်းမွန်လျက်ရှိ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုသည် (၇၇) နှစ်ပြည့်မြောက် ကျော်လွန်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိကြောင်းနှင့် မိမိနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ချစ်ခင်ရင်းနှီးစွာဖြင့် ကြိုဆိုနှုတ်ဆက်မှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ဖိတ်ခေါ်မှုများ၊ နှစ်နိုင်ငံအကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်ချစ်ကြည်ရေးခရီးများ လည်ပတ်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ အပြန်အလှန် တိုးတက်လာစေရေးနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံ လွှတ်တော်များအဆင့်ဆင့် ဖွဲ့စည်းထားရှိမှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် ဒူးမားလွှတ်တော်အဆောက်အဦအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် အတူတာဝန်ရှိသူများတက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်များသည် ဒူးမားလွှတ်တော် အဆောက်အဦသို့ ရောက်ရှိကြရာ ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် တွေ့ဆုံပွဲကို ကျင်းပပြုလုပ်ရာ ဒူးမားလွှတ်တော်၏လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုအခြေအနေများ၊ လွှတ်တော်၏ဖွဲ့စည်းထားရှိမှုနှင့် ပါတီများဖွဲ့စည်းထားရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ တာဝန်ယူဆောင်ရွက်ခဲ့ရမှုနှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ ၏ ရွေးကောက်ပွဲကျင်းပချိန်၌ ရုရှားနိုင်ငံအနေဖြင့် ထောက်ခံအားပေးသွားမည့် အခြေအနေများ၊ ပြည်ပမှအကူအညီများ ရယူသည့် ပါတီများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသည့်အခြေအနေများ၊ မြန်မာနိုင်ငံ လွှတ်တော်များအဆင့်ဆင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဖွဲ့စည်းထားရှိမှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် တိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရ စစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြု

နေပြည်တော် မတ် ၄ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်သို့ရောက်ရှိကြရာ မော်စကိုတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**နိုင်ငံတော်သီချင်းအား တီးမှုတ်**

ယင်းနောက် ရှေ့ဆောင်စစ်သည်နှစ်ဦးက ဦးဆောင်၍ လွမ်းသူ့ပန်းခွေအား သယ်ဆောင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။ *စာမျက်နှာ ၈ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရ စစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းအား တီးမှုတ်စဉ်။



## နှစ် (၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် မတ် ၄ နှစ် (၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် တပ်နယ်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကွပ်ကဲမှုအောက် ဌာနချုပ်များ၊ ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြသည်။

အဆိုပါ တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲသို့ ဝင်ရောက်ဖြေဆိုကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေး ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ် ထွန်းလူနှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့၊ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေး

## လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ၎င်း၏အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီး မိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးရုံးသို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မော်စကိုမြို့၌ကျင်းပမည့် နှစ် (၈၀) ပြည့် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနား၌ မြန်မာကိုယ်စားလှယ်များ တက်ရောက်ရေးနှင့် လုံခြုံရေးဖိုရမ်များ၌ မြန်မာကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်းဆိုင်ရာကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့၊ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



စာမျက်နှာ ၇ မှ

လွမ်းသူ့ပန်းခွေချ အလေးပြုစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းအား တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုသို့နှုတ်ဆက်စဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က မြန်မာ့တပ်မတော်စစ်သီချင်းများဖြင့် ဂုဏ်ပြုတီးမှုတ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူစဉ်။

# ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀ (အလေးချိန် ၁၆၈ ကီလို) ဖမ်းဆီးရမိ

နေပြည်တော် မတ် ၄


ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀ (အလေးချိန် ၁၆၈ ကီလို)ကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ တာမွေမြို့မရဲစခန်းမှ မူးယစ်တရားခံပြေး ဇော်မြတ်ထွန်းသည် ရှမ်းပြည်နယ်မှ ရန်ကုန်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်သွားကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁ နာရီတွင် ပဲခူးမြို့နယ် ဘောနတ်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေး(အမြန်လမ်း) မိုင်တိုင်အမှတ်(၃၉)တွင် သတင်းရရှိထားသည့် ALPHARD ယာဉ်နှင့်အတူ နေမျိုးထက်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်-မန္တလေး(အမြန်လမ်း) မိုင်တိုင်အမှတ်(၃၉/၄)အနီးရှိ ယာဉ်ရပ်နားဝင်းတွင် ရပ်တန့်ထားသည့် ALPHARD ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း)ကီလို ၄၄၀ ကိုသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) ဝမ်ဟိုင်းမှ ရန်ကုန်မြို့သို့ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀ ကို ငွေကျပ်သိန်း ၁၀၅၀ ဖြင့် တာဝန်ခံသယ်ဆောင်ခဲ့သူ ဇော်မြတ်ထွန်း၊ ကျော်သူရစိုး၊ ကျော်သူဝင်းနှင့် စိုင်းအောင်သူရတင်တို့ကို မင်္ဂလာဒုံမြို့နယ်တွင် WISH ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့၏ဖော်ထုတ်ချက်အရ ရန်ကုန်မှ မြဝတီသို့ ပို့ဆောင်မည့် အိုက်စ်ကီလို ၂၆၀ နှင့် ဘိန်းဖြူ ဘလောက်တုံး ၁၆၈ ကီလိုအား လက်ခံထားရှိသူ အောင်ဇော်ဝင်းကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ကားဝင်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး မိတ္ထီလာမှ အမြန်လမ်း(၃၉)မိုင်သို့ မူးယစ်ဆေးဝါး သယ်ဆောင်ခဲ့သူ သူရိန်ထွန်း(ခ) သူရထွန်းကို ကမာရွတ်မြို့နယ်ရှိ ဟိုတယ်တွင်လည်းကောင်း၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ထက်နိုင်(ခ)ကိုကိုဝင်းသူကို ရပ်စောက်မြို့တွင်လည်းကောင်း၊ ရဲမြင့်သိန်းကို အောင်ပန်းမြို့တွင်လည်းကောင်း၊ အမြန်လမ်း(၃၉) မိုင်မှ ရန်ကုန်မြို့ အမှတ်(၇) လမ်းမကြီးသို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ပေးသူ ကိုကိုဝင်းကို ရေတာရှည်မြို့နယ်တွင် TOYOTA CROWN ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ရန်ကုန်မှ မြဝတီသို့မူးယစ်ဆေးဝါးများပို့ဆောင်သူ ရင်ပိုက်ဦး(ခ) ရန်ပိုင်(ခ)လွှမ်းပိုင်ကို ပုသိမ်မြို့၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးများ သယ်ဆောင်ခဲ့သည့် Grand Tiger Double Cab ယာဉ်အား မိတ္ထီလာမြို့နယ် အိုင့်ကျေးရွာတွင်လည်းကောင်း၊ TOYOTA HILUX SURF ယာဉ်အား မရမ်းကုန်းမြို့နယ်တွင်လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀ (အလေးချိန် ၁၆၈ ကီလို)ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက်ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀၊ ဘိန်းဖြူ ဘလောက်တုံး ၄၈၀ (အလေးချိန် ၁၆၈ ကီလို) ဖမ်းဆီးရမိ





ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## အမျိုးသားများကို စစ်မှုထမ်းတပ်သားများအဖြစ် စုဆောင်းနေခေါင်းစဉ်ဖြင့် မဟုတ်မမှန် ရေးသားဖော်ပြ

နေပြည်တော် မတ် ၄

ထိုင်းအစိုးရက ဖမ်းဆီးထားသောမြန်မာနိုင်ငံသား ၂၀၀ ကို စစ်ကောင်စီထံသို့ လွှဲပြောင်းပေးပြီး အမျိုးသားများကိုစစ်မှုထမ်းတပ်သားများအဖြစ် စစ်ကောင်စီက စုဆောင်းနေ ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page တွင် ဖေဖော်ဝါရီ ၂၅ ရက်က ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေထားသည်။

ထို့အတူ Khit Thit Media အမည်ခံ Facebook Page သည် စစ်မှုထမ်းခေါ်ယူရာတွင် သန်းခေါင်စာရင်းကို အခြေခံခေါ်ယူသည့်စနစ်သို့ ပြောင်းလဲလိုက်ပြီး ပြည်ပရောက်မြန်မာများပါ စစ်မှုထမ်းရန် ဆင့်ခေါ်မည်၊ စစ်မှုထမ်းရန် ပျက်ကွက်ပါက အမည်ပျက်နှင့် ဝရမ်းထုတ်ခံရမည့် စာရင်းတွင် ထည့်သွင်းမည်ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၅ ရက်က ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေနှင့်အညီစိစစ်၍ စစ်မှုထမ်းခေါ်ဆောင်နေခြင်းသာဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြချက်များသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအား ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားဖော်ပြခဲ့ခြင်း ဖြစ်သည်။ **သစ္စာ**

## ရေကြည်မြို့နယ် ကုန်းပြင်ရဲစခန်းမှ ဖမ်းဆီးနှိပ်စက်မှုကြောင့် အမျိုးသားနှစ်ဦးသေဆုံးခေါင်းစဉ်ဖြင့် လည်းကောင်း၊ တပ်တွင်းစည်းရုံးရေးပြိုကွဲနေခေါင်းစဉ်ဖြင့်လည်းကောင်း မဟုတ်မမှန်လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေ

နေပြည်တော် မတ် ၄

ရေကြည်မြို့နယ် ကုန်းပြင်ရဲစခန်းမှ ဖမ်းဆီးနှိပ်စက်မှုကြောင့် အမျိုးသားနှစ်ဦးသေဆုံးခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၆ ရက်က Ayeyarwaddy Times အမည်ရှိ Facebook Page တွင် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိပြီး တပ်ဖွဲ့နှင့်ပတ်သက်၍ တိကျစွာ တိုင်တန်းတင်ပြလာပါက စစ်ဆေးဖော်ထုတ်သွားမည်ဖြစ်ကာ အပြစ်ကျူးလွန်ကြောင်း တွေ့ရှိပါကလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းထားသည့်အတွက် Ayeyarwaddy Times အမည်ရှိ Facebook Page ၏ သတင်းရေးသား ဖော်ပြထားမှုသည် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ရေးသားထားခြင်းဖြစ်သည်။

ထို့အတူ တပ်တွင်းစည်းရုံးရေးပြိုကွဲနေခေါင်းစဉ်ဖြင့် The Irrawaddy Burmese Edition အမည်ရှိ Facebook Page ကလည်း ဖေဖော်ဝါရီ ၂၅ ရက်က မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေခဲ့သည်ကိုတွေ့ရှိရပြီး အမှန်မှာ တပ်မတော်အတွင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့်အတွက် The Irrawaddy Burmese Edition အမည်ရှိ Facebook Page ၏ ဖော်ပြမှုသည် တပ်မတော်အတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲစေရန်၊ ပြည်သူလူထုမှ တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

**လင်းလင်း**

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



ရန်ကုန် မတ် ၄

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆင္ဃသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။ (ယာပုံ)

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက အစားထိုးရွေးချယ်ခံတော်မူရသည့် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်းလျှောက်ထားပြီး အစည်းအဝေးသဘာပတိဆရာတော်က အတည်ပြုချက်ရယူကာ နံနက်ပိုင်းအစည်းအဝေးကို ရပ်နားလိုက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး သဘာပတိဥက္ကဋ္ဌ ဆရာတော်ကြီးက နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၏ အမည်စာရင်းကို ဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ၂၆ ပါးတို့အား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များကို လည်းကောင်း၊ အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် ပညာရေးဗဟိုအဖွဲ့ဆရာတော် ၂၃ ပါးတို့အား အသိအမှတ်ပြုလွှာများကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုထားသော ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်နှင့် ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ်များကို ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိအမှတ်ပြုလွှာများကို လည်းကောင်း ဆက်ကပ်ပေးအပ်တော်မူသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးတို့တွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမမူလဒွါရနိကာယဂိုဏ်း၊ မြွာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်းဒွါရဂိုဏ်း ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိဂုံးချုပ် ဥယျောဇနကထာကို မြွက်ကြားတော်မူရာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက နာယူတော်မူကြသည်။

ဆက်လက်၍ကြွရောက်တော်မူလာကြသည့်ဆရာတော်အားလုံးက **"ဇယန္တော ဗောဓိယာ မူလေ"** အစချီ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြပြီး **"သာဓု"** သုံးကြိမ်ခေါ်ဆိုကာ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အစည်းအဝေးအပြီးတွင် ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) + ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်





ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၄

မြန်မာ-တရုတ်- ထိုင်း သုံးနိုင်ငံ အကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် ဆောင်ရွက်လျက်ရှိသည်။

**ကိုယ်ရေးအချက်အလက်များ ကောက်ယူ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်နေမှုကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်ပနိုင်ငံသားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေးနှင့် ပြည်နှင်လွှဲပြောင်းရေး ကိစ္စရပ်များတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကောင်းမွန်စွာထိန်းသိမ်းထား**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၉၉၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၃၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၃၉၉၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာနှင့် တရုတ်(တိုင်ပေ) တို့မှဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ



## ဗီလာရီးရဲလ်အသင်းနှင့် အက်စ်ပန်ညိုအသင်းတို့ ပွဲစဉ်အား ရွှေ့ဆိုင်း

**မက်ဒရစ် မတ် ၄**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားမည့် ဗီလာရီးရဲလ်အသင်းနှင့် အက်စ်ပန်ညိုအသင်းတို့ ပွဲစဉ်အား ရေလွှမ်းမိုးနိုင်သည့် သတိပေးမှု အခြေအနေကြောင့် ပွဲစဉ်အား ရွှေ့ဆိုင်းခဲ့ရသည်။

အဆိုပါ ဗီလာရီးရဲလ်အသင်းနှင့် အက်စ်ပန်ညိုအသင်းတို့ ပွဲစဉ်အား ပရိသတ်များက ပွဲစဉ်ကြည့်ရန် ကွင်းအတွင်းသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ရေလွှမ်းမိုးနိုင်သည့် သတိပေးမှု အခြေအနေကြောင့် ပွဲအား ရွှေ့ဆိုင်းခဲ့ခြင်း ဖြစ်သည်။

ပွဲစဉ်ရွှေ့ဆိုင်းခံခဲ့ရသည့် ဗီလာရီးရဲလ်အသင်းနှင့် အက်စ်ပန်ညိုအသင်းတို့၏ ပြန်လည်ယှဉ်ပြိုင်ကစားမည့် အချိန်ကိုလည်း စပိန်ဘောလုံးအဖွဲ့ချုပ်က မကြာမီအချိန်အတွင်း ကြေညာပေးသွားမည်ဖြစ်သည်။

ဗီလာရီးရဲလ်အသင်းသည် စပိန်လာလီဂါပွဲစဉ် ၂၅ပွဲကစားအပြီးတွင် ရမှတ် ၄၄မှတ်ဖြင့် အဆင့် ၅နေရာတွင်ရပ်တည်ပြီး၊ အက်စ်ပန်ညိုအသင်းသည်လည်း ရမှတ် ၂၇မှတ်ဖြင့် အဆင့် ၁၅ နေရာတွင် ရပ်တည်ခဲ့သည်။

(အပေါ်ပုံ)

(NGB)

## ရာမို့စ် ကလပ်ကစားသမားဘဝ သွင်းဂိုး ၁၂၀ ပြည့်မြောက်

**လန်ဒန် မတ် ၄**

မက္ကဆီကိုကလပ် မွန်တာရေး အသင်း ဝါရင့်နောက်ခံကစားသမား ရာမို့စ် ကလပ်ကစားသမားဘဝ သွင်းဂိုးပေါင်း ဂိုး ၁၂၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အဆိုပါ ဝါရင့်နောက်ခံကစားသမားသည် မွန်တာရေးအသင်းက ဆန်းတို့စ်လာဂူနာအသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုးပေါင်း ၁၂၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

နောက်ခံကစားသမား ရာမို့စ်သည် ကစားသမားဘဝတစ်လျှောက်တွင် ဆီဗီလာ၊ ရီးရဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီ၊ ယခု မွန်တာရေးအသင်းတို့တွင်ကစားပြီး သွင်းဂိုး ၁၂၀ထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ ရာမို့စ်က "ကျွန်တော် ကလပ်ကစားသမားဘဝ ဂိုး ၁၂၀ ပြည့်မြောက်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(NGB)



## ကော်နာဘရက်ဒလေအား စာချုပ်သက်တမ်းတိုးရန် လီဗာပူးအသင်းစီစဉ်

**လီဗာပူး မတ် ၄**

လီဗာပူးအသင်းသည် အသင်းနောက်ခံကစားသမား ကော်နာဘရက်ဒလေအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံပွဲ ၅၀ ကစားပြီး ၁ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။

လီဗာပူးအသင်းထုတ်ပြန်ချက်တွင် "ကော်နာဘရက်ဒလေ စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ အနာဂတ်မှာလည်း ထွန်းတောက်လာမယ့်ကစားသမားတစ်ဦး ဖြစ်လာမှာပါ"ဟု ထုတ်ပြန်သည်။ (အောက်ပုံ)

(NGB)



## ဘစ်ဆိုမာအား ခေါ်ယူရန် မာဆေးလ်အသင်းစိတ်ဝင်စား

**ပါရီ မတ် ၄**

ပြင်သစ်လီဂူးကလပ် မာဆေးလ်အသင်းသည် စပါးအသင်း ကွင်းလယ်ကစားသမား ဘစ်ဆိုမာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၈ ပွဲကစားပြီး ၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာဆေးလ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိ သည်။

ဘစ်ဆိုမာကိုယ်တိုင်ကလည်း လက်ရှိအချိန် စပါးအသင်းနှင့်အဆင့်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။ (အောက်ပုံ)

ထို့ကြောင့် မာဆေးလ်အသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ ဘစ်ဆိုမာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)



## 2025 Megasaray Hotels Open 1 prize တင်းနစ်ပြိုင်ပွဲ မတ် ၁၈ ရက်တွင် စတင်မည်

**မိုင်ယာမီ မတ် ၄**

တူရကီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Megasaray Hotels Open 1 prize တင်းနစ်ပြိုင်ပွဲလာမည့် မတ် ၁၈ ရက်တွင် စတင်သွားမည်ဖြစ်သည်။ (ဝဲပုံ)

အဆိုပါ 2025 Megasaray Hotels Open 1 prize တင်းနစ်ပြိုင်ပွဲ မတ် ၁၈ ရက်မှ ၂၁ ရက် အထိ ၄ ရက် ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Megasaray Hotels Open 1 prize တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

2025 Megasaray Hotels Open 1 တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၁၅၀၀၀ ရရှိသွားမည်ဖြစ်သည်။

(NGB)



## နည်းပြ အိုင်ဗန်ဂျူရစ်အား ရာထူးမှ ဆောက်သမ်တန်အသင်း ထုတ်ပယ်သွားမည်

**လန်ဒန် မတ် ၄**

ဆောက်သမ်တန်အသင်းသည် အသင်းရလဒ်ဆိုးများကြောင့် နည်းပြ အိုင်ဗန်ဂျူရစ်အား နည်းပြရာထူးမှ ထုတ်ပယ်သွားမည်ဖြစ်သည်။



ဆောက်သမ်တန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၇ပွဲကစားအပြီးတွင် ရမှတ် ၉မှတ်ဖြင့် အဆင့် ၂၀နေရာတွင် ရပ်တည်ပြီး တန်ဆင်းရန် သေချာလုနီးပါးဖြစ်နေခြင်းကြောင့် နည်းပြ အိုင်ဗန်ဂျူရစ်အား ရာထူးမှ ထုတ်ပယ်သွားမည်ဖြစ်သည်။

နည်းပြ အိုင်ဗန်ဂျူရစ်သည် ဆောက်သမ်တန်အသင်းအား ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၂၃ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၂ပွဲတွင် ၂ပွဲနိုင်၊ ၁၀ပွဲရှုံး ရလဒ်ဖြင့် ရလဒ်များ အလွန်ဆိုးရွားလျက်ရှိနေသည်။

ထို့ကြောင့် နည်းပြ အိုင်ဗန်ဂျူရစ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဆောက်သမ်တန်အသင်းနည်းပြရာထူးမှထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ)

(NGB)

## ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ စာချုပ်သက်တမ်းတိုးလိုကြောင်း ဗင်နီစီယပ်စ် ပြောကြား

**မက်ဒရစ် မတ် ၄**


တိုက်စစ်မှူး ဗင်နီစီယပ်စ်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာသွားမည်မဟုတ်ဘဲ အသင်းနှင့်အတူ စာချုပ်သက်တမ်းတိုးလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဆော်ဒီကလပ်အသင်းများက မြင့်မားသည့် လစာငွေဖြင့် ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းနှင့်သာ စာချုပ်သက်တမ်းတိုးလိုလျက်ရှိသည်။ (ဝဲပုံ)

တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀၀ ကစားပြီး ၁၀၂ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဗင်နီစီယပ်စ်က "ကျွန်တော် အသင်းနဲ့အတူ စာချုပ်သက်တမ်းတိုးသွားလိုပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီအသင်းမှာ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားမှာပါ"ဟု ပြောသည်။

(NGB)



## ဘောလုံးသတင်းအတိုအထွာများ

* ဘာစီလိုနာအသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပွဲပေါင်း ၄၀ကစားပြီး သွင်းဂိုးပေါင်း ၁၂၄ဂိုးထိ သွင်းယူထားနိုင်ခဲ့ သည်။

* မန်ချက်စတာစီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် အင်္ဂလိပ်အက်ဖ်အေဖလားပြိုင်ပွဲတွင် အသုံးပြုနေသည့် ဘောလုံးပုံစံအား ဝေဖန်မှုများပြုလုပ်ခဲ့သည်။

* ဖူလ်ဟမ်အသင်း ဂိုးသမား လေနိုက မိမိတို့အနေဖြင့် အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ပွဲစဉ်အားအကောင်းဆုံးယှဉ်ပြိုင်ကစားပြီး နိုင်ပွဲများရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(NGB)

## ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(၁၆-သင်းအဆင့်)(ပထမအကျော့)ပွဲစဉ်ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု | အမှတ်ပေးပွဲဒိုင်အိမ်/ဧည့်သည် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၆-၃-၂၀၂၅ | ဖိယင်နု - အင်တာမီလန် | ဖိယင်နု ၂-၂ အင်တာမီလန် | ဖိယင်နု(အိမ်) | ၁၂ | ၇ | ၃ | ၂ | ၂၃ | ၁၂ |
| နံနက် ဝဝး၁၅နာရီ | (နယ်သာလန်-၄) (အီတလီ-၁) | အင်တာမီလန် ဝ-၁ ဖိယင်နု | အင်တာမီလန်(ဧည့်) | ၁၄ | ၈ | ၄ | ၂ | ၃၁ | ၁၁ |
| ၆-၃-၂၀၂၅ | PSG - လီဗာပူး | PSG ၂-၁ လီဗာပူး | PSG(အိမ်) | ၁၂ | ၁၀ | ၂ | - | ၃၅ | ၁၀ |
| နံနက် ဝ၂း၃ဝနာရီ | (ပြင်သစ်-၁) (အင်္ဂလန်-၁) | လီဗာပူး ၃-၂ PSG | လီဗာပူး(ဧည့်) | ၁၅ | ၁၀ | ၅ | - | ၃၈ | ၁၆ |
| " | ဘိုင်ယန်မြူးနစ် - လေဗာကူဆင် | ဘိုင်ယန်မြူးနစ် ၁-၁ လေဗာကူဆင် | ဘိုင်ယန်မြူးနစ်(အိမ်) | ၁၂ | ၁၁ | ၁ | - | ၄၁ | ၉ |
| | (ဂျာမနီ-၁) (ဂျာမနီ-၂) | လေဗာကူဆင် ဝ-ဝ ဘိုင်ယန်မြူးနစ် | လေဗာကူဆင်(ဧည့်) | ၁၂ | ၇ | ၅ | ဝ | ၂၆ | ၁၃ |
| " | ဘင်ဖီကာ - ဘာစီလိုနာ | ဘင်ဖီကာ ၄-၅ ဘာစီလိုနာ | ဘင်ဖီကာ(အိမ်) | ၁၂ | ၁၁ | - | ၁ | ၃၇ | ၇ |
| | (ပေါ်တူဂီ-၂) (စပိန်-၁) | (၂၂-၁-၂၀၂၅ ချန်ပီယံလိဂ်-လိဂ်အဆင့်) | ဘာစီလိုနာ(ဧည့်) | ၁၄ | ၉ | ၃ | ၂ | ၃၈ | ၁၆ |

# မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်နှင့် ရွှေနန်းတော်ကျောင်းသို့ လာရောက်လေ့လာသည့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်ပေါင်း ငါးသောင်းကျော်ရှိ



**မန္တလေး မတ် ၄**

မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် ရွှေနန်းတော် ကျောင်း(ရွှေကျောင်းကြီး)သို့ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် ဖေဖော်ဝါရီ အထိ လာရောက်လေ့လာကြသည့် ပြည်တွင်း၊ ပြည်ပ ဧည့်သည် ပေါင်း ၅၈၂၀၄ ဦးရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုး သား ပြတိုက်ဦးစီးဌာန(မန္တလေး ဌာနခွဲ)မှ သိရသည်။

ရွှေနန်းတော်နှင့် ရွှေနန်းတော် ကျောင်းသည် နှစ်ပေါင်း ၁၆၅ နှစ်ရှိပြီဖြစ်သော ရှေးဟောင်း အဆောက်အအုံများဖြစ်ပြီး ရှေး ဟောင်း မြန်မာ့လက်မှုအနုပညာ ကို လေ့လာသူများနှင့် အပန်းဖြေ အနားယူသူများ လာရောက်ကြ သည်ဟု ဆိုသည်။

"လာတဲ့သူတွေက ရှေးမြန်မာ တို့ရဲ့လက်မှုအနုပညာတွေကို လေ့လာကြသလို နန်းတော်ဆောင် တွေကိုကြည့်ပြီး အံ့သြကြတယ်။ နန်းတော်ဝန်းကျင်မှာလည်း သန့် ရှင်းတဲ့ မြက်ခင်းတွေနဲ့ဆိုတော့ ဓာတ်ပုံရိုက်ကြ၊အနားယူကြတယ်။ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေ မှာ လာတဲ့သူပိုများတယ်။ရွှေနန်း တော်ကျောင်းကြီးမှာဆိုရင် ရှေး ဟောင်းလက်ရာတွေနဲ့ ဓာတ်ပုံ ရိုက်ကြတာများတယ်"ဟု ယင်း ဌာနတာဝန်ရှိသူ တစ်ဦးကပြော သည်။

ရွှေနန်းတော်နှင့် ရွှေကျောင်း ကြီးသို့ ဝင်ရောက်လေ့လာသည့် စာရင်းများအရ ပြည်ပဧည့်သည် မှာ ၄၉၉၃ ဦးနှင့် ပြည်တွင်း ဧည့်သည်မှာ ၅၃၂၁၁ ဦးဖြစ်ပြီး ပြည်တွင်းဧည့်သည်စာရင်းများအရ ရွှေနန်းတော်သို့ ဝင်ရောက်သူ ၁၄၁၄၅ ဦးနှင့် ရွှေနန်းတော် ကျောင်းသို့ ဝင်ရောက်သူ ၃၉၀၆၆ ဦး ဖြစ်သည်။

"ရွှေနန်းတော်မှာဆိုရင် လူကြီးတစ်ဦးကို ငွေကျပ် ၅၀၀ သတ်မှတ်ပြီး ကလေးနဲ့ ကျောင်း သား၊ ကျောင်းသူတွေဆိုရင် အခမဲ့ဝင်ရောက် လေ့လာခွင့်ရှိ ပါတယ်။ ရွှေကျောင်းကြီးမှာ လည်း အဲဒီအတိုင်း ဝင်ကြေး သတ်မှတ်ထားပါတယ်။ ပြည်ပ ခရီးသွားတွေအနေနဲ့ မန္တလေး ဇုန်ဝင်ကြေး ပေးသွင်းပြီးရင် ရွှေ နန်းတော်၊ ရွှေနန်းတော်ကျောင်း နဲ့ ဗားကရာကျောင်းအပါအဝင် သုံးနေရာဝင်ရောက် လေ့လာနိုင် ပါတယ်"ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ရွှေနန်းတော်၊ ရွှေကျောင်းနှင့် ဗားကရာကျောင်း (အမရပူရ) ပါဝင်သော မန္တလေးဇုန်ဧရိယာ တွင် ပြည်ပခရီးသွားတစ်ဦးလျှင် ဇုန်ဝင်ကြေး ငွေကျပ် ၁၅၀၀၀နှင့် ရွှေနန်းတော်နှင့် ရွှေနန်းတော် ကျောင်းကြီးသို့ ဝင်ရောက်လေ့လာ မည့် ပြည်တွင်းဧည့်သည်များ ဝင်ကြေး တစ်ဦးလျှင် ငွေကျပ် ၅၀၀ ကောက်ခံကြောင်း သိရ သည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

# မြေပြင်လူဦးရေနှင့် တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်



**မန္တလေး မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် တွင် မြေပြင်လူဦးရေစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီ မှ မြို့နယ်အတွင်းရှိ လူဦးရေစာရင်း မှန်ကန်ရေး၊ မြေပြင်ကွင်းဆင်း စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းများအား တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

အမရပူရမြို့နယ်၊ ဆင်ရှာ မြင်းမှူးကျေးရွာ၌ ဒုလဝကမှူး ဒေါ်သန်းသန်းဌေး ဦးဆောင်သော အဖွဲ့မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက်(၁၈)နှစ် ပြည့်မီ လာမည့်သူများနှင့် အသက်(၁၈) နှစ်အထက် လူဦးရေစာရင်းအား ၂၀၂၅ခုနှစ်မတ်၁ရက်က အသက် (၁၈)နှစ်နှင့်အထက် လူဦးရေများ အနက်မှ ထောင်ကျ၊ ပြည်ပ ထွက်ခွာ၊ ပုံစံ(၁၀)အထွက်၊ ပုံစံ(၁၀)အဝင်၊ မွေးတိုး၊ လူမရှိ၊ ရဟန်း၊ သေဆုံး၊ အိမ်ထောင်စုခွဲ များအား မှန်ကန်စွာ မှတ်ချက် အမှန် ရေးသွင်းနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်စုဥက္ကဋ္ဌ၊ ရာအိမ်မှူး၊ ဆယ်အိမ် မှူး၊ ပရဟိတအဖွဲ့များနှင့်အတူ ထပ်မံကွင်းဆင်းဆောင်ရွက်နေမှု ကို မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်း က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ ပြီး လိုအပ်ချက်များကို ဖြည့်စွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

(အပေါ်ပုံ) (၀၈၄)

# ကျေးလက်နေပြည်သူများ လူမှုစီးပွားပိုမိုဖြစ်ထွန်းစေရန်အတွက် ကုန်ထုတ်လမ်းများ လုပ်ဆောင်ပေးလျက်ရှိ

**မန္တလေး မတ် ၄**

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူ များ လူမှုစီးပွားဘဝ စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် အတွက် လယ်ယာကုန်ထုတ်လုပ် များကို ဖော်ဆောင်ပေးလျက်ရှိ သည်။

ကျေးလက်ကုန်ထုတ်လမ်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်နေသော (က)အဆင့်ဝင် လမ်းစာရင်း၊ (ခ)အဆင့်ဝင် လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိဘဲ ကျေးလက်နေ ပြည်သူများ၏ စိုက်ပျိုးရေး၊စီးပွား ရေး၊ မွေးမြူရေးနှင့် အခြားသော စီးပွားရေးလုပ်ငန်းများ၏ ထုတ် ကုန်၊ ထွက်ကုန်များကို ကုန်ကျ စရိတ်အနည်းဆုံးဖြင့် လျင်မြန်စွာ ရောက်ရှိစေရန် သယ်ပို့ပေးနိုင် မည့် ဆိပ်ခံသွားလမ်း၊ ခေတ်မီ စက်မှုလယ်ယာအတွင်း လမ်းများ၊ ရေကျော်၊ မြောင်းကူးတံတားနှင့် ဆိပ်ခံတံတားငယ်များ ပုံစံဖြင့် ဆောက်လုပ်ပေးခြင်းမျိုးဖြစ်သည်။

"တောင်သူတွေနဲ့ ဈေးကွက် ချိတ်ဆက်ပေးရာမှာ အရေးကြီး တဲ့ ကုန်ထုတ်လမ်းတွေကို ကျေး လက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၁၈ခုနှစ် ဖလာဘတ်ဂျက် မှ စတင်ပြီး ယနေ့အထိ လုပ် ဆောင်လာတာ ဖြစ်ပါတယ်။ လယ်ယာထွက်ကုန်တွေကို ကုန် ကျစရိတ်အနည်းဆုံးနဲ့ ပို့ဆောင် ဖို့ လိုအပ်တဲ့နေရာကို ရောက်ရှိစေ ဖို့အတွက် လိုအပ်တဲ့ ကုန်ထုတ် လမ်းကလိုအပ်တယ်၊ သယ်ယူပို့ ဆောင်ရေးလုပ်ဆောင်တဲ့နေရာမှာ အဆင်ပြေတဲ့အတွက် တောင်သူ တွေ လူမှုစီးပွားတွေလည်း ပိုမို တိုးတက်လာမှာဖြစ်ပါတယ်"ဟု အဆိုပါဌာနက တာဝန်ရှိသူတစ်ဦး က ပြောသည်။

ကျေးလက်ကုန်ထုတ်လမ်း ဖော်ဆောင်ရာတွင် အခြားသော ဌာနများ လုပ်ပိုင်ခွင့်ရှိသော လမ်းစာရင်းနှင့် သက်ဆိုင်ရာဌာန များ၏ ငါးနှစ်အတွင်း လျာထား သော Plan ထဲတွင် ပါဝင်ခြင်း မရှိရန်လိုအပ်ကြောင်း၊ စိုက်ပျိုး ရေး၊ မွေးမြူရေး၊ လယ်ယာသား ငါးထုတ်ကုန်ဧရိယာများ၏ အကျိုး ပြုပမာဏ၊ အကျိုးပြုဦးရေ၊ စီးပွား ရေးတွက်ခြေကိုက်မှု၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင် ချေ၊ စီးပွားရေးတွက်ခြေကိုက်မှု၊ မြေပြင်ပထဝီအခြေအနေ၊ပြင်ဆင် ထိန်းသိမ်းစရိတ်များ ကျခံနိုင်ခြင်း စသည့် အချက်အလက်တို့ကို တွက်ချက်ပြီးမှသာ တည်ဆောက် ရသည်။

(အောက်ပုံ)

လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်ရာတွင်လည်း အထောက်အကူပြုကော်မတီဖွဲ့ စည်းကာ ကော်မတီ၏လိုအပ်ချက် နှင့်အညီ မြို့နယ်အထွေထွေ အုပ်ချုပ်မှုဦးစီးဌာန၊ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေ စာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ ဆည် မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာန၊ကျေးလက်အုပ်စု အုပ်ချုပ် ရေးမှူး၊ ရာအိမ်မှူးနှင့် တိုက်ရိုက် အကျိုးခံစားမှုများဖြင့် ဖွဲ့စည်းပြီး ကုန်ထုတ်လမ်းများကို အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)



# ဝါသီးနှံတွင် ပေါက်ရောက်သော ပေါင်းအမျိုးအစားများနှင့် ဘက်စုံပေါင်းကာကွယ်နည်းများ

ဝါသီးနှံသည် ပေါင်းယှဉ်ပြိုင် မှုကို ခံနိုင်ရည်မရှိပြီး ကမ္ဘာ့ ဝါ ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းခန့် သည် ပေါင်း၏ ဆိုးရွားသော အကျိုးသက်ရောက်မှုကြောင့် ဆုံးရှုံးမှုများရှိသည်။ ပေါင်းပုံမှန် မနှိမ်နင်းနိုင်လျှင် ၉၀ရာခိုင်နှုန်း အထိ အထွက်နှုန်းဆုံးရှုံးနိုင်သည့် အပြင် ဝါချည်မျှင် အရည်အသွေး ကိုပါ ကျဆင်းစေပါသည်။

ပေါင်းပေါက်ရောက်မှုကြောင့် ဝါသီးနှံတွင် ပျက်စီးမှု အနည်း၊ အများသည် ပေါင်းအမျိုးအစား နှင့် ပေါင်းပင်အရေအတွက်အပေါ် တွင်လည်း မူတည်သဖြင့် မိမိ စိုက်ခင်းအတွင်းရှိ ပေါက်ရောက် သော ပေါင်းအမျိုးအစားများကို သိရှိရန် လိုအပ်ပါသည်။

ပေါင်းအမျိုးအစားများမှာ ဝမ်းဘဲစာမြက်၊ ဆင်ငိုမြက်၊ မြက်ခရာ၊ မြေစာမြက်၊ မြတ်မုန် ညင်းအဝါ၊ မြက်မုန်ညင်းဥနက်၊ ကျွဲကျောင်းမင်ဆေး၊ ဟင်းနုနယ် ဆူးပေါက်၊ လိပ်ရင်ဘတ်၊ ဟင်း ဂလာပြာ၊ ကြက်မောက်ဖြူ၊ ဥရင် ကောက်ပင်၊ ဝက်ကျွတ်-မျှစ်ချို၊ ဖောက်ပင်၊ ပင့်ကူထိပ်ပိတ်၊ ခရာ ဆူးတို့ ဖြစ်သည်။

အရေးကြီးသော ပေါင်းကင်း စင်ရမည့်ကာလမှာ ဝါအထွက်နှုန်း မြင့်မားရန်နှင့် အရည်အသွေး ကောင်းမွန်ရန် ဝါအပင်ပေါက်ပြီး (၁၄-၆၀)ရက်အတွင်း ပေါင်း ကင်းစင်ရန် လိုအပ်သည်။

ဘက်စုံပေါင်း ကာကွယ်နှိမ် နင်းနည်းများမှာ ကြိုတင်တားဆီး ကာကွယ်ခြင်းအနေဖြင့် ပေါင်း ကင်းစင်သောမျိုးစေ့အသုံးပြုခြင်း၊ ကောင်းစွာဆွေးမြေ့သော သဘာဝ မြေသြဇာနှင့် လယ်ယာစွန့်ပစ္စည်း များ အသုံးပြုခြင်း၊ လယ်ယာသုံး တိရစ္ဆာန်နှင့် စက်ကိရိယာများကို ကောင်းစွာ သန့်ရှင်းအောင်ထား ရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

မြေပြုပြင်ခြင်းအနေဖြင့် မြေ ကြီး၏ ဇီဝဆိုင်ရာဖွဲ့စည်းမှု ထိန်း သိမ်းရန်နှင့် ပေါင်းပေါက်ရောက်မှု လျော့နည်းစေရန်အတွက် မြေပြု ပြင်ခြင်းကို ကောင်းစွာ ပြုလုပ် သင့်သည်။

သားခွဲခြင်းနှင့်ကြားထွန်လိုက် ခြင်းကို ဝါပင် ၁၈ ရက်သားမှ ၂၁ ရက်အတွင်း သားခွဲခြင်းဖြင့် ပင်ကြားရှိ ပေါင်းများကို နှိမ်နင်း နိုင်သည်။ ယင်းသို့ နှိမ်နင်းပြီးပါ က သက်တမ်း နှစ်လအတွင်း နောက်ပိုင်းကြားထွန်ဝင်ခြင်းကို ၁၅ ရက်တစ်ကြိမ် (သို့) ရေသွင်း ပြီးချိန်နှင့် မိုးရွာပြီးချိန်သော် လည်းကောင်း၊ ပေါင်းမြက်များ ထပ်မံပေါက်လာလျှင်သော်လည်း ကောင်း လိုအပ်သလို ဆောင်ရွက် နိုင်သည်။

ထို့အပြင် သီးလှည့်စိုက်ပျိုး ခြင်းနှင့် သီးညှပ်စိုက်ပျိုးခြင်းနည်း များ၊ ဇီဝနည်းဖြင့် အသုံးပြုခြင်း နှင့် ပေါင်းသတ်ဆေး အသုံးပြု ခြင်းကို စနစ်တကျ အသုံးပြု ကာကွယ်နှိမ်နင်းနိုင်ကြောင်း သိ ရသည်။

**ရွှေမန်း**

# နာနတ်လျှော် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုအတွက် မြေနေရာ ဖော်ထုတ်ပေးမည်



နာနတ်လျှော်ကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လိုသူများကို မြေလွတ်၊ မြေရိုင်းတွေရရှိအောင် ကူညီပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သိရသည်။

ဒေသအလိုက် ရှိနေသည့် မြေလွတ်၊ မြေရိုင်းများမှာ နာနတ်အရိုင်းတွေ စိုက်ပျိုးလိုကြောင်း လျှောက်ထားလာပါက ဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ လုပ်ကိုင်နိုင်စေရန် စီစဉ်ပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးချုပ်ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

"သူတို့စိုက်ဖို့လိုအပ်တဲ့ မြေတွေအပေါ်မှာ မြေလွတ်မြေရိုင်းတို့ကို လယ်ယာမြေလုပ်ပိုင်ခွင့် ဥပဒေနဲ့အညီ ကူညီဆောင်ရွက်ပေးပါမယ်"ဟု ၎င်းကပြောသည်။

ထို့အပြင် နာနတ်လျှော် ကုန်ချောထုတ်လုပ်ရန် လိုအပ်သောနည်းပညာ၊ မျိုးစိတ်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်တွေမှာလည်း ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်သွားရန်ရှိသည်ဟု ပြောသည်။

"မြန်မာနိုင်ငံမှာ နာနတ်လျှော်စိုက်လို့ ဖြစ်ထွန်းတဲ့ အနေအထားမှာရှိတယ်။ အခြေအနေပေးတယ်။ အဲဒါကြောင့် သီးနှံတွေ စိုက်ပျိုးဖို့ မဖြစ်ထွန်းတဲ့ နေရာတွေမှာ အဲဒီနာနတ်သီးနှံတွေကို စိုက်ပျိုးဖို့ တိုက်တွန်းချင်တယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

နာနတ်လျှော်ပင်ဟာ အပူချိန် ၂၅ ဒီဂရီဆဲလ်စီးယပ်အထက်မှာရှိသည့် ပူပြင်းသောရာသီဥတုနှင့် မိုးနည်းသော ဒေသတွေက အလွန်မှာကျောသော မြေမှာ တစ်နှစ်ပတ်လုံးကောင်းမွန်စွာ စိုက်ပျိုးဖြစ်ထွန်းသည်။

လျှော်မျှင်များက တစ်မီတာထိ ရှည်လျားနိုင်ပြီး နာနတ်လျှော်ကို အများအားဖြင့် စက်နဲ့ ခွာယူသလို လက်နဲ့လည်း ခွာယူနိုင်ကာ တစ်ဧကမှာ ပျမ်းမျှလျှော်မျှင် ပိဿာ၂၅၀ - ၃၀၀ ခန့် ထွက်ရှိနိုင်သည်။

နာနတ်လျှော်ပင်မှ ရရှိသောလျှော်မျှင်များကို စက္ကူမွေ့ရာ၊ ကော်ဇောနံရံကပ်စက္ကူနှင့်လက်မှုပစ္စည်းအသုံးအဆောင်များ၊ ကြိုးအမျိုးမျိုး၊ ဦးထုပ်၊ ဖိနပ်နှင့် အိတ်အမျိုးမျိုးထုတ်လုပ်ရာတွင် အသုံးပြုကြသည်။

နာနတ်လျှော်ကို မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အနည်းငယ် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ပြည်ပဈေးကွက်ကို တင်ပို့လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေမန်း



# ကျောက်ဆည်တက္ကသိုလ်၌ ပျားမွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**စဉ့်ကိုင် မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ်၌ ကျောက်ဆည်တက္ကသိုလ်နှင့် ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲတို့ ပူးပေါင်းကာ ၂၀၂၄-၂၀၂၅ပညာသင်နှစ် သတ္တဗေဒဌာနမှ ကြီးမှူးကျင်းပသော ပျားမွေးမြူရေးဆိုင်ရာအသိပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါတက္ကသိုလ်၌ မတ် ၃ ရက် နံနက် ၉နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျောက်ဆည် တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ရီရီဦးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာစိမ်းညို့ညို့ကို (သင်တန်း)က အမှာစကားပြောကြားခဲ့ပြီး သတ္တဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာလဲ့လဲ့ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မောင်မောင်စိုးက ပျားမွေးမြူရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ် ပျားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ မြို့နယ်ဦးစီးမှူး ဦးသိန်းကိုနှင့် သင်တန်းနည်းပြဆရာများက သင်တန်းသား၊ သင်တန်းသူ ၈၅ ဦးအား ပျားမွေးမြူရေးနှင့်ပတ်သက်သည့် သင်ခန်းစာအကြောင်းအရာများကို စာတွေ့၊ လက်တွေ့ ပို့ချသင်ကြားပေးခဲ့ကြောင်းနှင့် ယင်းသင်တန်းအား မတ် ၃ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၉)

*-*-*-*-*

ကျေးရွာသစ်တော၊ ထင်းမှောအိမ်တိုင် လိုင်လိုင်ရဖို့ စိုက်ပျိုးစို့ ။

# မြို့သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ စနေနေ့တိုင်း အလေးထားဆောင်ရွက်လျက်ရှိ

**အောင်လံ မတ် ၄**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့သန့်ရှင်းသာယာလှပရေး၊ရေစီးရေလာကောင်းမွန်စေရေး၊ ခြင်အန္တရာယ်နှင့် အခြားရောဂါများ ကင်းဝေးရေးအတွက် အခြေခံပညာကျောင်းများ၊ အများပြည်သူများနှင့် သက်ဆိုင်သည့် နေရာများ၊ ဘုန်းတော်ကြီးကျောင်းများတွင် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ အလေးထား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများက အောင်လံမြို့၊ သီတဂူဇေတဝန်ကမျက်စိဆေးရုံကြီး ပတ်ဝန်းကျင်နေရာများ၌ ဌာနဆိုင်ရာအသီးသီးရှိ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများက မျက်စိဆေးရုံအတွင်း၊ အပြင်ရှိ သစ်ရွက်ခြောက်များ၊ သစ်ပင်ချုံနွယ်များ၊ ပူပြင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရေး၊ ကျောင်းအတွင်းအမှိုက်လှည်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း အလေးထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

# ရေဆင်းဆည်နှင့် မကျီးပင်ရေလွှဲဆည်တို့မှ ယခုနှစ်နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရန် ဧက ၇၅၇၀ စတင်စိုက်ပျိုးရာ ရေပေးဝေလျက်ရှိ

**ဇေယျာသီရိ မတ် ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေဆင်းဆည်နှင့် မကျီးပင်ရေလွှဲဆည်တို့မှ ယခုနှစ် နွေစပါးနှင့် နွေသီးနံ့စိုက်ပျိုးရန် ၇၅၇၀ ဧက အတွက် မတ် ၁ ရက်မှစတင်၍ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း ဇေယျာသီရိမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

ဇေယျာသီရိမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေဆင်းဆည် ရေသောက်စနစ်အတွင်းမှ နွေစပါးစိုက်ပျိုးရန် ဧက၅၂၃၀ နှင့် နွေသီးနှံစိုက်ပျိုးရန်ဧက၂၂၇၀ စုစုပေါင်း ဧက၇၅၀၀အတွက် မတ် ၁ ရက်မှ ဇွန် ၃၀ ရက်ထိ စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ပြီး မကျီးပင်ရေလွှဲဆည်မှ လယ်မြေဧက၇၀အတွက် အလားတူ ရေအလေအလွင့်မရှိ မျှတစွာဖြင့် ရေလှည့်စနစ်များဖြင့် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး မတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ဆီ၊ ကြက်ဥ၊ ဘဲဥ၊ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊အကွက်(၁၃)၊ဒေါနဘွားရပ်ကွက်၊ အုတ် စက်ဓမ္မာရုံဝင်းတွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ မတ် ၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အကွက် (၁၀၃)၊ ပြည်ကြီးပျော်ဘွယ် အနောက်၊ ဒေးဝန်းလမ်းမကြီး၊ ၃၃လမ်းနှင့် ၃၄လမ်း ကြားတွင် လည်းကောင်း၊ မတ် ၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊၂၆လမ်းနှင့် ၂၇ လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်း ကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရ သည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)




## ဩစတြီးယားနိုင်ငံ၌ ညွန့်ပေါင်းအစိုးရဖွဲ့ပြီးနောက် ရှေးရိုးစွဲဝါဒီ ခရစ္စယန်စတော်ကာ ဝန်ကြီးချုပ်ဖြစ်လာ



**ဗီယင်နာ မတ် ၄**

ရှေးရိုးစွဲဝါဒီ ခရစ္စယန်စတော်ကာသည် ဩစတြီးယားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ပါတီသုံးပါတီ ညွန့်ပေါင်းအစိုးရ၏ခေါင်းဆောင်အဖြစ် ယမန်နေ့က ကျမ်းသစ္စာကျိန်ဆိုကာ လက်ယာစွန်းပါတီ ရွေးကောက်ပွဲ အနိုင်ရပြီးနောက် လေးလကြာ နိုင်ငံရေးအဟန့်အတားကို အဆုံးသတ်ပေးနိုင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

သုံးပါတီမှ တာဝန်ရှိသူများ အများသဘောတူအစီအစဉ်တစ်ခုကို သဘောတူညီကြောင်းအတည်ပြုပြီးနောက် မတ် ၃ ရက်တွင် ၎င်းကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်း ဖြစ်သည်။

ထိုပါတီသုံးပါတီနှင့် လက်ယာစွန်းလွတ်လပ်ရေးပါတီတို့၏ သီးခြားညှိနှိုင်းမှုများအပြီးတွင် ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## နယ်သာလန်မှ ဖတ်စနက် လျှပ်စစ်ကားအားသွင်းကုမ္ပဏီ လုပ်ငန်းချဲ့ထွင်မှု ရှစ်နိုင်ငံအထိ ရောက်ရှိလာ



**အမ်စတာဒမ် မတ် ၄**

နယ်သာလန်အခြေစိုက် လျှပ်စစ်ကားအားသွင်းလုပ်ငန်း လုပ်ဆောင်သော ဖတ်စနက် ကုမ္ပဏီသည် အီတလီနိုင်ငံတွင် ၄၀၀ ကီလိုဝပ်အထိရှိသော ဒီစီ အမြန်အားသွင်းစင်တာကို မကြာသေးမီက ဖွင့်လှစ်ခဲ့ပြီး ထိုကုမ္ပဏီ လုပ်ငန်းချဲ့ထွင်မှုသည် ရှစ်နိုင်ငံအထိရောက်ရှိလာခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဖတ်စနက်၏ လျှပ်စစ်ကား အားသွင်းစင်တာအသစ်ကို မီလန်နှင့် ဗင်းနစ်မြို့နှစ်မြို့ကြားရှိ လမ်းမကြီးပေါ်တွင် တည်ဆောက်ထားသည်။

ထိုလမ်းမကြီးသည် အီတလီနိုင်ငံ၏မြောက်ပိုင်းတွင် အဓိက လမ်းမကြီးဖြစ်သော်လည်း ထိုနေရာကို ရွေးချယ်ရသည့်အကြောင်းရင်းမှာ ထိုတစ်ခုတည်း မဟုတ်ကြောင်း ကုမ္ပဏီပြောခွင့်ရသူက ရှင်းပြသည်။

အီတလီနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လျှပ်စစ်ကားအများစုသည် နိုင်ငံ၏ မြောက်ဘက်အစွန်ဆုံးဒေသများတွင် တည်ရှိသဖြင့် ထိုကားများအားသွင်းရလွယ်ကူစေရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ယင်းအားသွင်းစင်တာအသစ်ကို မူလက ၂၀၂၄ ခုနှစ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားသော်လည်း အီတလီလမ်းလုပ်ငန်းကုမ္ပဏီက တရားဝင်ဖွင့်လှစ်ခြင်း မပြုခဲ့သဖြင့် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးတောမီးကို ဂျပန်မီးသတ်သမားများ ကြိုးပမ်းငြိမ်းသတ်နေ

**တိုကျို မတ် ၄**

မီးသတ်သမားများအနေဖြင့် မတ် ၄ ရက်တွင် ဂျပန်နိုင်ငံ၏ လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးတောမီးလောင်မှုကို ကြိုးပမ်းငြိမ်းသတ်နေခဲ့ရပြီး ထိုမီးလောင်မှုကြောင့် လူတစ်ဦးသေဆုံးကာ ဒေသခံ ၄၀၀၀ နီးပါး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မြောက်ပိုင်းဒေသ အောဖုနတောမြို့အနီးရှိ သစ်တောဧရိယာမှ မီးခိုးဖြူများထွက်နေသည်ကို လေယာဉ်မှ တီဗီဓာတ်ပုံများတွင် မြင်တွေ့ရပြီး မီးစတင်တောက်လောင်ပြီး ငါးရက်ကြာမြင့်နေပြီဟု ဆိုသည်။

ယမန်နှစ်က ဂျပန်နိုင်ငံ၏ အပူဆုံးနွေရာသီကို ခံစားခဲ့ရပြီးနောက် ထိုမီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝှမ်း အပူချိန်များမြင့်တက်လာခြင်းနှင့် ဆက်စပ်နေသည်။

မတ် ၄ ရက်နံနက်ပိုင်းအထိ မီးလောင်မှုသည် ၂၆၀၀ ဟက်တာခန့်အထိ ပျံ့နှံ့သွားပြီး နယူးယောက်မြို့ရှိ မြို့လယ်ဥယျာဉ်ဧရိယာထက် ခုနစ်ဆကျော် ပိုမိုကြီးမားသည်ဟု ဂျပန်မီးသတ်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီက အတည်ပြုကြောင်း သိရသည်။ **Mon**





## ကမ္ဘာတစ်ဝှမ်းရှိ အရွယ်ရောက်ပြီးသူ ၆၀ ရာခိုင်နှုန်း ၂၀၅၀ ပြည့်နှစ်တွင် အဝလွန်ခြင်းပြဿနာကြုံတွေ့နိုင်

**ဝါရှင်တန် မတ် ၄**

ကမ္ဘာတစ်ဝှမ်းရှိ အရွယ်ရောက်ပြီးသူ ၆၀ ရာခိုင်နှုန်းနှင့် ကလေး သုံးပုံတစ်ပုံသည် သက်ဆိုင်ရာအစိုးရအသီးသီးက ကြပ်မတ်ဆောင်ရွက်ခြင်းမရှိလျှင် လာမည့် ၂၀၅၀ ပြည့်နှစ်တွင် အဝလွန်ခြင်းသို့မဟုတ် အဝလွန်ရောဂါဖြစ်ခြင်းနှင့် ကြုံတွေ့လာရနိုင်သည်ဟု စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လန်းဆက် ဆေးသိပ္ပံဂျာနယ်တွင်ထုတ်ဝေခဲ့သော သုတေသနစာတမ်းတစ်စောင် ၌ ၂၀၄ နိုင်ငံမှဒေတာများကို အသုံးပြုလေ့လာခဲ့ပြီး အဝလွန်ခြင်းကို လက်ရှိရာစုနှစ်၏ အကြီးမားဆုံး ကျန်းမာရေးစိန်ခေါ်မှုများထဲမှ တစ်ခုအဖြစ် ဖော်ပြထားသည်။

၁၉၉၀ ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်းရှိ အဝလွန်သူများ၏ အရေအတွက်သည် ၉၂၉ သန်းမှ ၂၀၂၁ ခုနှစ်တွင် ၂ ဒသမ ၆ ဘီလီယံအထိ တိုးလာခဲ့သည်ဟု လေ့လာတွေ့ရှိခဲ့သည်။

ပြောင်းလဲမှုမရှိပါက ၁၅ နှစ်အတွင်း လူကြီး ၃ ဒသမ ၈ ဘီလီယံသည် အဝလွန်ခြင်း သို့မဟုတ် အဝလွန်ရောဂါဖြစ်ခြင်းနှင့်ကြုံတွေ့လာနိုင်ပြီး ၂၀၅၀ ခုနှစ်တွင် ကမ္ဘာ့လူကြီးဦးရေ၏ ၆၀ ရာခိုင်နှုန်းနီးပါး အဝလွန်လာနိုင်သည်ဟု သုတေသီများက ခန့်မှန်းထားကြောင်း သိရသည်။ **Mon**

## မန်းဟိမ်းမြို့ရှိ လမ်းလျှောက်သူများနေရာထဲသို့ ကားတစ်စီးဝင်ရောက်မှုဖြစ်ပွား လူနှစ်ဦး သေဆုံး

**ဘာလင် မတ် ၄**

ဂျာမနီနိုင်ငံအနောက်ပိုင်း မန်းဟိမ်းမြို့ရှိ လမ်းလျှောက်သူများနေရာထဲသို့ ယမန်နေ့က ကားတစ်စီး ဝင်ရောက်မှုဖြစ်ပွားရာ အသက် ၈၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၅၄ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ရကြောင်းဘီဘီစီသတင်း ဌာနက ဖော်ပြသည်။

ဒေသစံတော်ချိန် နေ့လယ် ၁၂ နာရီကျော်ခန့်တွင် ထိုဖြစ်စဉ်ဖြစ်ပွားခဲ့သည်ဟု မန်းဟိမ်းရဲတပ်ဖွဲ့က အတည်ပြုသည်။

အဆိုပါဖြစ်စဉ်တွင် လူငါးဦး ပြင်းထန်စွာဒဏ်ရာရရှိပြီး အခြား ငါးဦး ဒဏ်ရာအနည်းငယ်သာရရှိခဲ့ကြောင်း စုံစမ်းစစ်ဆေးသူများက ထုတ်ဖော်ပြောကြားသည်။



အသက် ၄၀ အရွယ် ဂျာမန်လူမျိုး အမျိုးသားတစ်ဦးကို သံသယရှိသူအဖြစ် ဖမ်းဆီးခဲ့ပြီး ၎င်းသည် အစွန်းရောက်ဝါဒနှင့် ဆက်စပ်မှုမရှိသော်လည်း စိတ်ရောဂါနှင့်သက်ဆိုင်သောလက္ခဏာများ ပြသခဲ့သည်ဟုယူဆရကြောင်း သိရသည်။

**Mon**



ဂျပန်တော်ဝင်မိသားစုမှ အသက် ၁၈ နှစ်အရွယ် မင်းသား ဟိဆဟိတောကို မတ်လ ၃ ရက်နေ့တွင် တိုကျိုမြို့ရှိ ဧကရာဇ်နန်းတော်၌ပြုလုပ်သော ၎င်း၏ ပထမဆုံး သတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်။ **Mon**

## ရှစ်ကြိမ်မြောက် စတားရှစ်ဒုံးပျံ စမ်းသပ်ပျံသန်းမှုကို ပြဿနာတစ်ခုကြောင့် စပေ့စ်အိတ်ခ်စ်ကုမ္ပဏီ ရပ်ဆိုင်း

**ဝါရှင်တန် မတ် ၄**

စပေ့စ်အိတ်ခ်စ်ကုမ္ပဏီသည် မတ် ၃ ရက်တွင် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်တွင်ပြုလုပ်သော ရှစ်ကြိမ်မြောက် စတားရှစ်ဒုံးပျံ စမ်းသပ်ပျံသန်းမှုကို ဒုံးပျံစနစ်၏ ပင်မအစိတ်အပိုင်းတွင် ခွဲခြားမသိရသေးသောပြဿနာတစ်ခုကြောင့် ယမန်နေ့က ရပ်ဆိုင်းလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇန်နဝါရီလက ပြုလုပ်ခဲ့သော ပျံသန်းမှု ရှစ်မိနစ်အကြာတွင် စတားရှစ်ဒုံးပျံ ပေါက်ကွဲပျက်စီးခဲ့ပြီးနောက် ပထမဆုံးအကြိမ် ထပ်မံစမ်းသပ်လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က ဒုံးပျံသည် ကာရီဘီယံပင်လယ်ပေါ်တွင် ပေါက်ကွဲပျက်စီးခဲ့ပြီး မီးလောင်ကျွမ်းနေသောအပိုင်းအစများ တာ့ခ်စ်နှင့် ဆိုင်ကော့စ်ကျွန်းများပေါ်သို့ ပျံ့နှံ့ကျရောက်ခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



STOP AIDS



# မြန်မာစာဝေါဟာရ စွမ်းရည်ပြိုင်ပွဲနှင့် စာဖတ်ဝိုင်း ကျင်းပ

**မောက်မယ် မတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ်အတွင်း ဒေသခံတိုင်းရင်းသား လူငယ်လူရွယ်များ မြန်မာစာပေချစ်မြတ်နိုးတတ်စေရန်နှင့် မြန်မာစာ၊ မြန်မာစကားအသုံးအနှုန်းဝေါဟာရများ ကြွယ်ဝစေရန် ရည်ရွယ်၍ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းနှင့် ပူးပေါင်းပြီး လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမ၌ မတ် ၃ ရက် နံနက် ၁၀ နာရီက မြန်မာစာဝေါဟာရစွမ်းရည်ပြိုင်ပွဲနှင့် စာဖတ်ဝိုင်း ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက မြန်မာစာဝေါဟာရ စွမ်းရည်ပြိုင်ပွဲကျင်းပရခြင်း စာဖတ်ဝိုင်း ပြုလုပ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး လူငယ်လူရွယ်များ ၂၀ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ထူးချွန်ဆုရရှိသူများအား ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ ဆက်လက်ပြီး ဒုတိယဦးစီးမှူးဒေါ်နန်းဆိုင်မိုင်က လူငယ်လူရွယ်များအား စာပေဖတ်ရှုခြင်းဖြင့် အသိအမြင် အတွေးအခေါ်များနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေပြီး ငယ်စဉ်ကတည်းက စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိကာ စာဖတ်ဝိုင်း ကျင်းပဆောင်ရွက်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ဇာတ်လမ်းနှင့်သရုပ်ဖော် ထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်)၏ သစ်ပင်လေးတွေစိုက်ကြမယ် စာအုပ်တွင် ပါဝင်သည့်အကြောင်းအရာများကို တက်ရောက်လာသည့် စာပေချစ်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် အပြန်အလှန်ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

# စာဖတ်ရှိန်မြှင့်တင်ရေးစာအုပ်ဈေးရောင်းပွဲတော် ကျုံးတောင်ဘက်ခြမ်းတွင် ကျင်းပ

**မန္တလေး မတ် ၄**

စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်ဈေးရောင်းပွဲတော်ကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၆လမ်း၊ နန်းမြို့ကျုံးတောင်ဘက် Public Area တွင် မတ် ၁ ရက်မှ ၇ ရက်အထိ နံနက် ၈ နာရီမှ ညရနာရီအထိ ရောင်းချပေးလျက်ရှိသည်။

စာအုပ်ဈေးရောင်းပွဲတော်တွင် အများပြည်သူဖတ်ရှုနိုင်ရန် အထူးဈေးနှုန်းများဖြင့် ကာတွန်း၊ ဝတ္ထု၊ သုတ၊ ရသစာအုပ်များ၊ သင်ကြားရေးဆိုင်ရာ အထောက်အကူပြု စာအုပ်များ၊ ဗေဒင်လက္ခဏာ စာအုပ်များ၊ မြန်မာအင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များ၊ ရှားပါးစာအုပ်များ စုံလင်စွာ ရောင်းချပေးလျက်ရှိသည်။ "စာအုပ်ဈေးတွေ မြင့်တက်နေချိန် လူတိုင်းဖတ်နိုင်ရန် သုတ၊ ရသစာအုပ်များကို ငွေကျပ် ၁၅၀၀၊ ၂၀၀၀ဖြင့်လည်းကောင်း၊ ရှေးဟောင်းစာအုပ်များကို ငွေကျပ် ၃၀၀၀ ဝန်းကျင်ဖြင့် နှစ်သက်ရာရွေးချယ်ဝယ်ယူနိုင်ရန် ရောင်းချနေတာပါ" ဟု စာအုပ်ဆိုင်ရှင်တစ်ဦးက ပြောသည်။



စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်ဈေးရောင်းပွဲတော်တွင် ထိပ်ထားလှိုင်စာပေ၊ မော်စာပေ အပါအဝင် စာအုပ်ဆိုင်(၅)ဆိုင်ခန့်လာရောက်၍ ရောင်းချပေးကြောင်းသိရသည်။ **(အပေါ်ပုံ)**

**(ဝ၄၅)**



# အခြေခံပန်းချီသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**တောင်တွင်းကြီး မတ် ၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre တွင် မတ် ၃ ရက် နံနက် ၉နာရီခွဲက အခြေခံပန်းချီသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး ပန်းချီသင်တန်းနည်းပြ ဦးသူရကျော်မှ သင်ကြားပို့ချမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းအား မတ် ၃ ရက်မှ မတ် ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီခွဲမှ ၁၁ နာရီအထိ လေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင် (ဗိသုကာမြေ)**

# နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်လျက်ရှိ

**လဲချား မတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့တွင် နွေရာသီကာလ ကျောင်းပိတ်ရက်တွင် ကျောင်းသားလူငယ်များအချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ကိုယ်ကာယကျန်းမာသန်စွမ်းစေရန်ရည်ရွယ်၍ နွေရာသီအားကစားသင်တန်းများကို အားကစားနှင့် ကာယ ပညာဦးစီးဌာနက အချိန်ပိုင်းအလိုက် မတ် ၂ ရက်မှစတင်၍ ဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါ နွေရာသီအားကစားသင်တန်းတွင် မြန်မာ့သိုင်း၊ ပိုက်ကျော်ခြင်း၊ စားပွဲတင် တင်းနစ်(tennis)၊ အေရိုးဗစ်၊ ကြက်တောင်ရိုက် စသည့် အားကစားနည်းများကို မတ် ၃၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

**(အောက်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**





ဖတ်စရာ၊ မှတ်စရာ
စုံလင်


# မိန်ရာသီ တပေါင်းလ

\- - - - - - - - -

* လ, တပေါင်း
ညှာပေါင်းကြွေသည့် ပင်ရွက်ဝါ
ဆောင်ဖွေမှာ တောင်လေမြူး
နွေရတုဖြာ ။

* အင်ကြင်းပွင့်တင့်မာလာ
ငုံဖြာဖြာ လှပုံဆန်း
တောတန်းတောင်ဝှမ်းဆီမှ
ရာသီမှာ ခါမီလန်းတယ်
မွှေးလှသည့်ပန်း ။

* မိန်ရာသီ တပေါင်းလ
ဆောင်းမြမြနွေမပီ
အေးလှသည့် ညချမ်းဆီ
နှင်းမှုန်ရည်ပက်ဖျန်း
ရာသီကုန်လ, တပေါင်းက
နေ့ပူလို့ ညချမ်း ။

* ဖြူစင်သည့် မြတ်စေတနာ
ဓာတ်မွေ့မဟာတည်ထား
ငွေသဲမွေ့သရီနှင့်
ပြည်မဟီမြန်ပြည်တစ်ဝန်း
လန်းဖြာစေသား ။

* တစ်နှစ်မှာ တစ်ကြိမ်သာ
မြစ်သဲလွှာဖြန့်ခင်း
မြေအစုံ သဲပုံစေတီနှင့်
နိဗ္ဗာန်ကို စိတ်ကြံမှန်းရွယ်
အေးမြစေခြင်း ။ ။

**သျှင်သစ္စာ**



## သတင်းပဒေသာ

### အခြေခံပညာအဆင့် Grade-5 နှင့် Grade-9 စာမေးပွဲစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့် Grade-5 နှင့် Grade-9 နှစ်ဆုံးတတ်မြောက်မှုစာမေးပွဲစစ်ဆေးခြင်းကို မတ် ၃ ရက် နံနက်ပိုင်းက စတင်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ စတင်ဖြေဆိုကြသည်။ မိုင်းခုတ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာအလယ်တန်းအဆင့် Grade-5 မှ ဖြေဆိုသူစာရင်းရှိ ကျောင်းသား၊ ကျောင်းသူပေါင်း ၄၉ ဦး၊ ဖြေဆိုသူကျောင်းသား၊ ကျောင်းသူပေါင်း ၄၆ ဦး၊ ပျက်ကွက်သူ ၃ ဦး ရှိပြီး Grade-9 မှ ဖြေဆိုသူစာရင်းရှိ ကျောင်းသား၊ ကျောင်းသူပေါင်း ၂၅ ဦး၊ ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူပေါင်း ၂၄ ဦး၊ ပျက်ကွက်သူတစ်ဦးရှိပြီး Grade-5 နှင့် Grade-9 ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ၊ စုစုပေါင်း ၇၀ ဦး ရှိပြီး မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုနေကြကြောင်း ကြီးကြပ်ရေးမှူးဆရာမ ဒေါ်ဟေမာထွန်းထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သင်္ကြန်ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးဝန်းရှိ အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ရပ်ဖများစုပေါင်း၍ သင်္ကြန်ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းထွန်းကျော်က အမှာစကားပြောကြားသည်။ သင်္ကြန်ပွဲတော်ကို စည်စည်ကားကားဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေး တက်ရောက်လာသည့် ကော်မတီအလိုက် အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လေပြင်းဘေးကြိုတင်ကာကွယ်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လင်းခေးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်း ဦးဆောင်သော ကွန်ကျိုင်းရပ်ကွက်လူငယ်ပရဟိတ ပန်းရံ၊လက်သမားအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိ၊ရပ်ဖများ ပူးပေါင်းပြီး လေပြင်းဘေးကြိုတင်ကာကွယ်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကွန်ကျိုင်းရပ်ကွက်ရှိ ဒေါ်စောရင်၊ ဒေါ်မယ်ထောက်ဟွမ်နှင့် မွေတော်ရပ်ကွက်ရှိ ဦးလုံးမိုးနေအိမ် သုံးလုံးအား ဆောက်လုပ်ပြီးစီး၍ ယနေ့ နံနက်ပိုင်းတွင် ပိုင်ရှင်များထံ ပြန်လည်အပ်နှံကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ရာဂီမုန်တိုင်းကြောင့် ဆုံးရှုံးပျက်စီးခဲ့သည့် နွားများအား အစားပြန်လည်ပေးအပ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်အတွင်းရှိ နွားအချို့ ရာဂီမုန်တိုင်းအရှိန်ကြောင့် ဆုံးရှုံးပျက်စီးခဲ့သည့် နွားများအစား နိုင်ငံတော်မှ ပြန်လည်ပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါရပ်ကွက်ရှိ ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့သည်။ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဌေးထိုက်က ကြီးကြပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးအောင်မြင့်မိုး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါက်တာ ထွန်းလင်းပိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရပ်ကွက်အတွင်းမှ ဆုံးရှုံးခဲ့သည့် နွားပိုင်ရှင် ၂၈ ဦးအတွက် အထီး၊ အမ နွားကောင်ရေ၊ စုစုပေါင်း ၁၆၀ ကောင်အား ပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား (၄၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်



**မန္တလေး မတ် ၄**

မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား (၄၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို မတ် ၁ ရက် နံနက် ၉ နာရီက ဆုတောင်းပြည့်ဘုရားရင်ပြင်တော်တွင် ကျင်းပရာ မန္တလေးတောင် ဆုတောင်းပြည့်ဘုရား ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်ကြပြီး အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အောင်မြေသာစံမြို့နယ်ဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊ မန္တလေးတောင်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မန္တလေးတောင်တော်ဩဝါဒါစရိယ၊ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပညာသီရိဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆွမ်းဆက်ကပ်သည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်သည်။ (၄၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မတ် ၁ ရက်မှ မတ် ၅ ရက်အထိ (၅)ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ပြီး ပဋ္ဌာန်းရွတ်ဖတ်သော သံဃာတော်များအား မန္တလေးတောင်ဂေါပကအဖွဲ့နှင့် ဝန်ထမ်းများ၊ စေတနာအလှူရှင်များက ဆွမ်း၊ အချိုရည်၊ ပဋ္ဌာန်းပရိတ်ရေ၊ ပရိတ်ကြိုးများ၊ ရေသန့်တို့ လှူဒါန်းကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၄၅)

## ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး မတ် ၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ဒေါနဘွား ရပ်ကွက်ရှိ မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ နှစ်ဖက်မိဘများအား ရည်စူးအမျှထား၍ အလှူရှင် မန္တလေး၊ ၈၄ လမ်း၊ ၄၄လမ်းနှင့် ၄၅လမ်းကြားနေ ဦးကျော်စိမ်း+ ဒေါ်ခင်မိုးဆွေ၊ (သမီး)မအေးငြိမ်းသူ၊ (သား) မောင်စိုးမိုးထက် မိသားစုက ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော ခွဲစိတ်ခန်းအတွက် အလှူငွေကျပ် ၁၀ သိန်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်း၊စုစုပေါင်းအလှူငွေကျပ် သိန်း ၂၀ ကို ယမန်နေ့က ၆၂ လမ်းနှင့် ၁၅လမ်းထိပ် ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံကြီးအုပ်ချုပ်ရေးရုံးအဖွဲ့ ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အလှူရှင်မိသားစုသည် ယခုလှူဒါန်းငွေအပါအဝင် အလှူငွေကျပ် စုစုပေါင်း သိန်း ၁၅၀ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းနှင့် ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံ အလှူငွေများ လှူဒါန်းလိုပါက ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁)



မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိကုန်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန (ဒုတိယအဆင့်) အသိအမှတ်ပြု ပြည်လုံးချမ်းသာမိဘမဲ့ တိုင်းရင်းသားကလေးငယ်များ စောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းတိုက်တွင် ယမန်နေ့က အလှူရှင် မန္တလေးမြို့နေ ဦးစိုးဝင်း(ရွှေလရောင်)ကားဂိတ် မိသားစုက ငွေပဒေသာပင်အလှူအတွက် ငွေကျပ် ၅ သိန်းကို ကျောင်းတိုက်ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလ(ဓမ္မာစရိယ၊ B.A)ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပေးအပ်စဉ်။

(မန္တလေးနေ့စဉ်-၁)

## ဆွမ်းအလှူငွေ လှူဒါန်း

**မန္တလေး မတ် ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး၊ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လစဉ် ထာဝရဆွမ်းအလှူငွေ လှူဒါန်းခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အဆိုပါကျောင်းတွင် ပြုလုပ်သည်။

ဆွမ်းအလှူငွေ လှူဒါန်းခြင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး၊ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လစဉ် ထာဝရဆွမ်းအလှူငွေ လှူဒါန်းခြင်းအဖြစ် ဖေဖော်ဝါရီလအတွက် ငွေကျပ် သိန်း ၂၀ ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန(မန္တလေး)မှ ဒေါ်မိုးမိုးတင်(ဒုတိယညွှန်ကြားရေးမှူး)က ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး၊ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မဇောတဓရ ဦးချစ်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၅၂)




မျက်စိလှူကြ မျက်ကြည်ရ
မြတ်သည့်လှူဒါန။

# ရှေးအကျဆုံးနှင့် လူသားတို့ ပထမဆုံးစားသုံးရသည့် စိတ်အာဟာရ

**အထီးကျန်ဆန်လှ၊ ပင်စင်စားဘဝ**

စာရေးသူသည် ပင်စင်စားဘဝရောက်ခဲ့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီဖြစ်သည်။ ဝန်ထမ်းဘဝတွင်မူ အလုပ်တွေ များလှသည့်ကြားက ဝါသနာအရ စာရေးဖြစ်ပါသည်။ ပင်စင်စားဘဝရောက်ရင်တော့ အားရပါးရ၊ စိတ်ရှိလက်ရှိ စာတွေရေးလိုက်မည်ဟု စိတ်ထဲတွင် တွေးတောစိတ်ကူးယဉ်မိခဲ့ပါသည်။

လက်တွေ့နယ်ပယ်တွင် မှန်းချက်နှင့် နှမ်းထွက် မကိုက်ခဲ့ပါ။ ပင်စင်စားဖြစ်သည်နှင့် ပတ်ဝန်းကျင်က မိခင်ဌာနတို့နှင့် အဆက်အသွယ်ပြတ်သွားပါတော့သည်။အတူနေမိသားစုကလည်း ယခင်လို လေးလေးစားစား ဂရုတစိုက် ဆက်ဆံမှုမရှိတော့ဘဲ ဝတ်ကျေတမ်းကျေ ပုံမှန်မျှသာ ဆက်ဆံပါတော့သည်။ ထိုသို့ လူမှုဆက်ဆံရေး ပြောင်းလဲသွားသည်နှင့်အမျှ စာရေးချင်စိတ်၊ စာရေးလိုစိတ်များလည်း ပျောက်သွားပြီး စာရေးကွက်လည်း အလိုလို ပျောက်သွားပါတော့သည်။


သို့သော် မြေးကြီး မောင်သက်တင်စိုးက မန္တလေးအဝေးသင်တက္ကသိုလ်သို့ ၂၀၂၅ ပညာသင်နှစ်တွင် ပထမနှစ် ဒဿနိကဗေဒအထူးပြု တက်ရောက်ခွင့်ရရှိခဲ့သဖြင့် ထိုအဝေးသင်တက္ကသိုလ်သို့ မြေးနှင့်အတူ ကျောင်းအပ်ရန်လည်းကောင်း၊ ပြဋ္ဌာန်းစာအုပ်များ ထုတ်ရန်လည်းကောင်း ရောက်ရှိခဲ့ပါသည်။ အမှတ်မထင် ဝမ်းသာဖွယ်ကောင်းသည်မှာ ထိုအဝေးသင်တက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးသည် ရပ်ဆွေ၊ ရပ်မျိုးဖြစ်နေခြင်းပင် ဖြစ်ပါသည်။ အိမ်ပြန်ရောက် မြေးကြီးထုတ်လာသော ပြဋ္ဌာန်းစာအုပ်များထဲမှ မိမိလက်လှမ်းမီသော ပို့ချချက်စာအုပ် Module အမှတ်(မ-၁၀၀၅၊ ၁၀၀၈)၊ မြန်မာ့ရိုးရာပုံပြင်များ(၁)၊ (၂)တို့ကို စိတ်ဝင်တစားဖတ်ရှုမိပါသည်။

**ပုံပြောခြင်းဓလေ့**

ပုံပြောခြင်းဓလေ့သည် ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း တိုင်းပြည်တိုင်းတွင်ရှိခဲ့သော အလေ့အထတစ်ခုဖြစ်သည်။ မိဘဘိုးဘွားများက မိမိတို့သားသမီးငယ်များကို မိမိတို့ မှတ်ဉာဏ်အတွင်းရှိသော အတွေ့အကြုံများ အဖြစ်အပျက်များ၊ အကြောင်းအရာများကို တစ်ဆင့်ပြန်လည် ပြောကြားကြပါသည်။ အဆိုပါကြားခဲ့၊ သိခဲ့၊ မြင်ခဲ့သော အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေ့အကြုံတို့သည် တိုချင်လည်းတိုမည်၊ ရှည်ချင်လည်းရှည်မည် တစ်ဆက်တည်းလည်း ဖြစ်ချင်ဖြစ်မည်။ ပြတ်တောင်း ပြတ်တောင်းလည်း ဖြစ်ချင်ဖြစ်မည်။

သို့သော် ပုံပြင်ပြောခြင်းသည် တစ်ဆက်တည်းဖြစ်သော အကြောင်းအရာ၊ အဖြစ်အပျက်တို့ကို ပြောပြခြင်းဖြစ်သည်။ အိမ်ထောင်စုတစ်စုတွင် အသက်ကြီးသည့် ဘိုးဘွားတို့က မိမိတို့မြေးငယ်များ၏ အပြောအဆို၊ အမူအရာ၊ အနေအထိုင်၊ အသွားအလာ၊ အစားအသောက်စသည့် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံး ကောင်းသောလမ်း၊ မှန်ကန်သောလမ်းကို ညွှန်ပြဆုံးမရာတွင် ပုံပြင်များကို ပြောပြအသုံးချပါသည်။ ထိုသို့ဆုံးမခြင်းသည် အမိန့်ပေး၊ ငေါက်ငမ်း၊ ကြိမ်းမောင်း၊ ဆုံးမသည်ထက် ပို၍နားခံသာပြီး ပို၍ထိရောက်ပါသည်။

ထို့ကြောင့် ပုံပြောသည့် အလေ့အထသည် တိုင်းပြည်တိုင်းတွင် ရှိပါသည်။ လူမျိုးတိုင်းတွင်လည်း ရှိပါသည်။ လူမျိုးစုတိုင်းတွင်လည်း ရှိပါသည်။ ပုံပြင်ဟူသည်မှာ ရှေးအစဉ်အဆက် နှုတ်ဖြင့် ပြောဆိုခဲ့သော ဘိုးစဉ်ဘောင်ဆက်ကစပြီး ထိန်းသိမ်းလာခဲ့သော ရှေးခေတ်လူတို့၏ ဓလေ့ထုံးစံ အတွေးအခေါ်အယူအဆ ယုံကြည်မှုတို့ပင်ဖြစ်ပါသည်။




မြန်မာ့ရိုးရာပုံပြင်များသည် ကျေးလက်လူထု၏ ဓလေ့ထုံးစံ၊ သမိုင်း၊ အခြေအနေ၊ ဘာသာရေးယုံကြည်မှု ဉာဏ်ရည်ထက်မြက်မှုတို့ဖြင့် ပုံဖော်လျက်ရှိပါသည်။ တစ်နည်းဆိုရသော်... မြန်မာ့ယဉ်ကျေးမှုကို ထင်ဟပ်လျက်ရှိပါသည်။ အမျိုးသားဟန် အပြည့်ပါပါသည်။ ဓလေ့ထုံးဟောင်းများ အယူသည်းခြင်း၊ ဝမ်းနည်း၊ ဝမ်းသာ ဇာတ်ကွက်များ၊ ဟာသများ ပါဝင်ပါသည်။

ပုံပြင်များသည် နယ်ပယ်အသီးသီးမှ ဖြစ်ရပ်များကိုအကြောင်းခံ၍ ဘိုးဘေးစဉ်ဆက် စိတ်ဝင်စားဖွယ် စီကာပတ်ကုံးပြောပြလာသော မှတ်သားစရာ၊ လိုက်နာစရာ၊ အတုယူစရာများ ဖြစ်သောကြောင့် လူမှုရေးနယ်ပယ်တွင် လူမှုရေးလမ်းညွှန်မှုများလည်း ဖြစ်ပါသည်။

**ပုံပြင်ဟူသော ဝေါဟာရ**

ပုံပြင်ပြောသောဓလေ့သည် ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် တွေ့ရသော အလေ့အထဖြစ်ပါသည်။ ပုံပြောခြင်းသည် လူတို့စကားပြောတတ်အချိန်ကပင် စတင်ပေါ်ပေါက်လာသည်ဟု အဆိုရှိပါသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ပုံပြင်များ မည်သည့်အချိန်က စတင်ပေါ်ပေါက်လာသည်ကို အတိအကျ မပြောနိုင်သော်လည်း အလွန်ရှေးကျကြောင်း ပညာရှင်တို့က ထုတ်ဖော်ပြောဆို ရေးသားထားပါသည်။ ခေတ်အဆက်ဆက်ပြောင်းလဲသော်လည်း ပုံပြင်များသည် ဘိုးဘေးစဉ်ဆက် နှုတ်ဖြင့် သယ်ဆောင်လာခြင်းဖြင့် ခေတ်နှင့်အတူ လိုက်ပါရှင်သန်နေကြပါသည်။

မြန်မာနိုင်ငံတွင်မူ ပုံပြင်ဟူသောဝေါဟာရကို မြန်မာသက္ကရာဇ်(၈၃၄)ခုနှစ်တွင်ရေးသားခဲ့သည့် ပထမဆုံးမော်ကွန်းဖြစ်သော "ပြည်စုန်မော်ကွန်း" ၌ "ပုံပြင်ခင်းခင်း၊ မျိုးသည်ရင်းနှင့်"ဟု လည်းကောင်း၊ မြန်မာသက္ကရာဇ် ၈၅၆ ခုနှစ်တွင် ရေးသားပြီးစီးခဲ့သည့် "ဘူရိဒတ်ဇာတ်ပေါင်းပျို့"၌ "ထုံးပုံပြင်နှင့် အသွင်မယွင်း"ဟု လည်းကောင်း စတင်တွေ့ရှိရပါသည်။ "ပုံ" "ပုံပြင်" "ပုံပြင်ဝတ္ထု"နှင့် "ပုံဝတ္ထု"ဟူ၍လည်း အခေါ်အမျိုးမျိုးခေါ်ကြသည်။ ထိုသို့ အခေါ်အမျိုးမျိုးခေါ်ကြသော "ပုံပြင်"သည် ခေတ်အသီးသီးကပင်၊ တိုင်းပြည်တိုင်း လူမျိုးတိုင်းနှင့် လူမျိုးစုတိုင်းတွင်



ပေါ်ပေါက်ခဲ့သော နှုတ်ပြောစာပေပုံသဏ္ဌာန်တစ်ခုဖြစ်ပါသည်။

**ပုံပြောခြင်းရည်ရွယ်ချက်များ**

ဘိုးဘွားမိဘများသည် မိမိတို့၏ မြေးမြစ်သားသမီးများကို အောက်ပါရည်ရွယ်ချက်များဖြင့် ပုံပြင်များကို ပြောလေ့ပြောထရှိပါသည်။

(က) **သင်ခန်းစာပေးရန်**
(ခ) **ကိုယ်ကျင့်တရားကောင်းမွန်လာစေရန်**
(ဂ) **ရဲစွမ်းသတ္တိရှိလာစေရန်**
(ဃ) **ရှာဖွေစွန့်စားလိုစိတ်များ ဖြစ်ပေါ်လာစေရန်**
(င) **အပျင်းပြေစေရန်နှင့်**
(စ) **ကြည်နူးလွမ်းမောဖွယ်ရာပုံပြင်များကို နားထောင်ရင်း အိပ်ပျော်သွားစေရန်။**

**ပုံပြင်အမျိုးအစားများ**

ပုံပြင်တွင်ပါဝင်သော အကြောင်းအရာတို့သည် အမျိုးစုံလှသည်။ ရယ်စရာ၊ ဝမ်းနည်းစရာ၊ အံ့သြစရာ၊ နည်းယူစရာ၊ မှတ်သားစရာ၊ စိတ်ဓာတ်တက်ကြွစရာနှင့် ပျော်ရွှင်စရာ စသည့် အမျိုးအစားများ ပါဝင်ပါသည်။ ပါဝင်သည့် အကြောင်းအရာအလိုက် ပုံပြင်အမျိုးအစားများကို အောက်ပါအတိုင်း အကြမ်းဖျင်းခွဲခြားနိုင်ပါသည်။

(က) **နတ်သမီးပုံပြင်**
(ခ) **ဒဏ္ဍာရီ(တိရစ္ဆာန်)ပုံပြင်**
(ဂ) **ရိုးရာ၊ ကျေးလက်ပုံပြင်**
(ဃ) **စကားပုံ ပုံပြင်**
(င) **ထုံးဟောင်း (သမိုင်း)ပုံပြင်**
(စ) **ဇာတက(ဇာတ်ဝတ္ထု)ပုံပြင်**
(ဆ) **ရယ်ရွှင်ဖွယ်ပုံပြင်**
(ဇ) **လူစွမ်းကောင်းပုံပြင်**
(ဈ) **ဥပဒေရေးရာပုံပြင်**

**စာပေတင်းကုပ်သို့ စီးမျောရောက်ရှိလာသည့် ဆည်းလည်းခတ်သံများ**

စာပေတင်းကုပ်ဆိုသည်မှာ ၂၀၂၁ခုနှစ် နှစ်ဦးကာလမှ ယနေ့အထိ ရင်ဘတ်တူ၊ ဝါသနာတူသူများ (အထူးသဖြင့် သက်ကြီးရွယ်အို ပင်စင်စားများ များပါသည်။) လစဉ် တနင်္ဂနွေနေ့တိုင်းလိုလို နန်းတော်ရှေ့ စုရပ်တစ်နေရာတွင် စုဝေးဆုံစည်း၍ စာကြောင်း၊ ပေကြောင်းများ အချင်းချင်း အပြန်အလှန်ပြောပြပြီး စိတ်အာဟာရဖြည့်တင်းရာ စာပေရပ်ဝန်းတစ်ခု ဖြစ်ပါသည်။

(၁၆-၂-၂၀၂၅)ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပသည့် စာပေတင်းကုပ်စာပေ ရေနွေးကြမ်းဝိုင်းသို့ (၃၀-၁-၂၀၂၅)ရက်စွဲဖြင့် စာရေးဆရာ၊ ဆရာ သန်းစိုးအောင် လက်မှတ်ထိုးကာ စာပေလက်ဆောင်အဖြစ်ပေးပို့သော "ဆည်းလည်းခတ်သံ" မြန်မာဝန်းကျင်ပုံပြင်များစာအုပ် ရောက်ရှိလာပါသည်။ စာအုပ်လက်ဆောင် ယူဆောင်လာသူ စာပေတင်းကုပ်၏ ပင်တိုင်အခမ်းနားမှူး ဆရာစိုးဝင်း(ဆ·သ·ရ)က ၄င်း အိမ်ရွှေ့၊ အိမ်ပြောင်း ပြုလုပ်နေမှုကြောင့် ယခုကဲ့သို့ လက်ဆောင်ပေးသောစာအုပ် နောက်ကျနေခြင်းကို ခွင့်လွှတ်ပါရန် တောင်းပန်စကား ပြောကြားခဲ့ပါသည်။

ထို "ဆည်းလည်းခတ်သံ မြန်မာဝန်းကျင်ပုံပြင်များ"ကို ဆရာသန်းစိုးအောင်က ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ပထမအကြိမ်အဖြစ် လင်းသန့်စာပေမှ ထုတ်ဝေခဲ့ကြောင်း ဖတ်ရှုလေ့လာ သိရှိရပါသည်။ မြန်မာဝန်းကျင် ပုံပြင် (၂၄)ပုဒ် ပါရှိပါသည်။

**ဆရာသန်းစိုးအောင်၏ ပုံပြင်အယူအဆ**

"ပုံပြောမယ်" ဆိုလိုက်သည်နှင့် ကလေးတို့ခေါင်းထောင်လာကြသည်။ မျက်လုံးများ ကျယ်လာသည်။ "မေမေပုံပြောပါ"ဟု အိပ်ရာဝင်ချိန်ပူဆာတတ်ကြသည်။ ပုံပြင်တန်ဖိုးမှာ ဤမျှကြီးမားပါသည်။

ကလေးတို့က ပုံပြင်ထဲမှ နတ်သမီးလေးများကို အားကျသည်။ သူတစ်ပါးကို ကူညီလိုသည်။ မောင်ပညာလေးလို လိမ္မာချင်သည်။ အသွားနှေးပြီး ဝီရိယရှိသော လိပ်ကလေးကို အားပေးချင်သည်။ အပျင်းထူသောယုန်ကလေးကို လှောင်ပြောင်ချင်သည်။ လူကြီးတို့က အတွေးအဆပါသော ပုံဝတ္ထုများကို နှစ်သက်ကြသည်။

"ပုံပြောခြင်းသည် မိခင်ဘာသာစကားလေ့လာမှု စီကုံးရေးသားမှုတို့တွင် အခြေခံအကြောင်းရင်းတစ်ခုဖြစ်ကြောင်း" ပညာရှင်တချို့က မြင်လာသည်။ ထို့ကြောင့် ပုံပြင်များသည် ကလေးတို့၏ ဘာသာစကားဖွံ့ဖြိုးရေးအတွက် အရင်းအမြစ်ကောင်းများ ဖြစ်လာသည်။

ပုံပြင်သည် ပညာသင်ကြားရေး၏ လက်နက်ကောင်းတစ်ခု ဖြစ်လာသည်သာမက ပုံဝတ္ထုကောင်းတို့တွင် ပါဝင်သော သင်ခန်းစာများသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံ့သားကောင်းရတနာများဖြစ်ရေး တစ်မျိုးသားလုံး အကျင့်စာရိတ္တနှင့် ပညာရေးမြင့်မားရေးစသည့် လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်သည်။

ပုံပြင်သည် အခြားစာပေပုံသဏ္ဌာန်များဖြစ်သည့် ကဗျာ၊ စာညွှန့်ဝတ္ထုများကဲ့သို့ပင် ရသကို ပေးစွမ်းနိုင်ပါသည်။ ပုံပြင်သည်စာဆို၏ ရည်ရွယ်ချက်သို့ရောက်အောင် တန်ခိုးသတ္တိစွမ်းအားတို့ကို အသုံးပြု၍ ပုံဖော်သည်။ လောကသဘာဝ စရိုက်လွန်သည်။ ဝတ္ထုသည် လောကသဘာဝ လက္ခဏာစရိုက်တို့ ပေါ်လွင်အောင် ဖန်တီးသည်။ ထို့ကြောင့် ပုံဝတ္ထုတွင် ပုံပြင်သဘောနှင့် ဝတ္ထုသဘောနှစ်မျိုးစလုံး ပါဝင်ပါသည်။

**နိဂုံးကမွတ် အဆုံးသတ်**

ထိုထိုသော အကြောင်းတရားတို့ကြောင့် "ပုံပြင်"များသည် ရှေးအကျဆုံးနှင့် လူသားတို့ ပထမဆုံး စားသုံးခဲ့ကြရသည့် စိတ်အာဟာရများပင် ဖြစ်ပါကြောင်းတင်ပြရင်း အဆုံးကမွတ်၊ နိဂုံးချုပ်အပ်ပါတော့သတည်း။

**အောင်တင်ဝင်း(ငါ့သရောက်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Ju Jihoon ဖြတ်သန်းခဲ့သော အနုပညာခရီး ခက်ခဲသော်လည်း သရုပ်ဆောင်ကျွမ်းကျင်သူ ဖြစ်

လက်ရှိရေပန်းစားနေသည့် ဆရာဝန်ကား The Trauma Code: Heroes On Call သရုပ်ဆောင် ဂျူဂျီဟွန်းသည် အနုပညာခရီးကို ခက်ခဲစွာ ဖြတ်သန်းခဲ့သော်လည်း သရုပ်ဆောင်ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဂျူဂျီဟွန်းသည် အသက် ၁၉ နှစ်နှင့်မော်ဒယ်လ်အဖြစ် ပွဲဦးထွက်ခဲ့ပြီး ထိပ်တန်းမဂ္ဂဇင်းများ၏ မော်ဒယ်လ်ဖြစ်လာကာ ၂၀၀၆ ခုနှစ်တွင် Princess Hours နှင့်အာရုတစ်လွှားလူကြိုက်များခဲ့ပြီး ရုပ်ရှင်နှင့်ဒရမ်မာကားများစွာ ပါဝင်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ဆေးမှုနှင့်ဖမ်းခံရကာ အမှားဝန်ခံခဲ့၍ ဒဏ်ငွေနှင့်ထောင်ဒဏ်အနည်းငယ်သာ ခံရပြီးနောက် ၂၀၁၂ ခုနှစ်မှ အနုပညာလောကသို့ ပြန်လည်ဝင်ရောက်လာကာ ၂၀၁၇ ခုနှစ်တွင် Along with The Gods, The Spy Gone North, Kingdom, Blood Free, Love Your Enemy, Light Shop နှင့် Truauma Code တို့တွင် ပါဝင်၍ ထပ်မံကျော်ကြားခဲ့သော်လည်း အများကြီး ကြိုးစားရန် လိုသေးသည်ဟု ပြောဆိုထားသည်။ (SKY)



## အပူပိုများသော ဒေသများတွင် နေထိုင်သူများအနေဖြင့် ဇရာ၏ အမျိုးမျိုးသော ဖိစီးမှုကိုပိုမို ခံစားရဖွယ်ရှိ

အပူပိုများသော ဒေသများတွင် နေထိုင်သူများသည် အပူပိုနည်းသော နေရာများရှိ နေထိုင်သူများထက် ဇရာ၏အမျိုးမျိုးသော ဖိစီးမှုကိုခံစားရသည်ဟု အမေရိကန်ပြည်ထောင်စု တောင်ကာလီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများ မကြာသေးမီက လေ့လာတွေ့ရှိခဲ့သည်။

အဆိုပါသုတေသီများသည် ဇရာနှင့်ရာသီဥတုအကြား ဆက်နွယ်နေပုံကို လေ့လာရာမှ အပူပိုများသော နေရာများရှိ နေထိုင်သူများသည် အပူပိုနည်းသောနေရာများရှိ နေထိုင်သူများထက် ဇီဝဗေဒဆိုင်ရာ အိုမင်းမှုကို ပိုမိုမြန်ဆန်စေနိုင်ကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းတွေ့ရှိချက်အရ ရာသီဥတုပြောင်းလဲမှုနှင့် အပူလှိုင်းများ၏ နာတာရှည်ကျန်းမာရေးဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည်ဟု စိုးရိမ်ဖွယ်ရာပင်ဖြစ်သည်။

ဇီဝဗေဒဆိုင်ရာ အသက်သည် မော်လီကျူလာနှင့် ဆဲလ်စနစ်ဆိုင်ရာ ကိုယ်ခန္ဓာအတွင်း အလုပ်လုပ်ဆောင်မှုကို ကိုယ်စားပြုပြီး မွေးဖွားချိန်မှ နှစ်ပေါင်းအရေအတွက်ကို ကိုယ်စားမပြုကြောင်း သိရသည်။

SCI

## Stephanie Shiao @ Shixingcho မှာ ထိုင်ဝမ်၏ အကောင်းဆုံး အဆိုတော် ဖြစ်



တရုတ်အနုပညာရှင် အဆိုတော်၊ သရုပ်ဆောင်စတက်ဖနီရှောင်(ခေါ်) ရှီရှင်းချောင်မှာ ထိုင်ဝမ်၏ အကောင်းဆုံးအဆိုတော်တစ်ဦးအဖြစ် မှတ်တမ်းရှိခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စတက်ဖနီရှောင်ကို ချစ်စနိုးရှောင်ချုန်ဟုခေါ်၍ လက်ရှိအသက် ၅၇ နှစ်ရှိပြီဖြစ်ကာ ငယ်စဉ်က အာရားရားနှင့်ဖိုးရွှေလိပ်၊ အထူးရဲကွန်မန်ဒို၊ မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓားစသည့် ဇာတ်လမ်းတွဲများတွင် ပါဝင်ခဲ့ပြီး ပရိသတ်အချစ် ရရှိထားသည်။

စတက်ဖနီကို ဓာတ်ပုံတွေ့ပြီး မော်ဒယ်လ်အေဂျင်စီတစ်ခုမှ ကမ်းလှမ်းခဲ့၍ အနုပညာလောကသို့ ရောက်ရှိခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် မော်ဒယ်လ်နှင့်သရုပ်ဆောင်ဖြစ်ခဲ့ကာ ၁၉၉၀ ခုနှစ် အလှဆုံးမင်းသမီးဖြစ်ခဲ့ကာ ၁၉၉၁ ခုနှစ်တွင် ပြည်မကြီးဖျော်ဖြေရေးနယ်ပယ်သို့ ပထမဆုံးဝင်ရောက်ခဲ့သည့် ထိုင်ဝမ်အနုပညာရှင် ဖြစ်ခဲ့သည်။

သရုပ်ဆောင်အပြင် man dopop အဆိုတော်လည်း ဖြစ်ကာ ၂၀၀၅ ခုနှစ်တွင် ထိုင်ဝမ်၏ အကောင်းဆုံးအဆိုတော် ဖြစ်ခဲ့ကာ လေးနှစ်ငယ်သော ချစ်သူနှင့်ဝေးကွာခဲ့ပြီးနောက် တစ်ကိုယ်တည်း ရပ်တည်နေသူဖြစ်သည်။ (SKY)



## Lee Jun Ho ခြေထောက်ဒဏ်ရာနှင့် ပွဲဆက်များ လှုပ်ရှားနေ

ကိုရီးယားအနုပညာရှင် လီဂျွန်ဟိုသည် အဆိုတော်၊ သရုပ်ဆောင်တစ်ဦးဖြစ်ပြီး ခြေထောက်အရွတ်ပြဒဏ်ရာနှင့် ပွဲဆက်များကာ လှုပ်ရှားမှုများ ဆက်လက်ပြုလုပ်နေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဂျွန်ဟိုသည် Cashero ရိုက်ကူးရေးအပြီး Midnight Sun ပရိသတ် ဖျော်ဖြေပွဲအတွက် ပြင်ဆင်ရေး Paris Fashion Week တက်ခဲ့ကာ ကကွက်အသစ်လုပ်ရင်း ဘယ်ဘက်ခြေကျင်းဝတ်ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ရိုက်ကူးရေးတွင် ညာဘက်ဒဏ်ရာရခဲ့ပြီး ကကွက်အသစ်မှာ လုပ်ရကျိုးနပ်ခဲ့သည်။

ယခုနှစ်တွင် Pressure အတွက် ကကွက်များမှာလည်း ပင်ပန်းခဲ့ကာ ရိုက်ကူးရေးနှစ်ခုကြား ပရိသတ်နှင့် တွေ့ဆုံရန်အတွက် စတိတ်အစအဆုံးပင်ပန်းခံခဲ့ကာ Midnight Sun တွင် သီချင်းအပုဒ် ၂၀ ပါပြီး ၃ နာရီအဆို၊ အက၊ ကကွက်သစ်များ ထပ်တိုးထားကာ တာဝန်ကျေအောင် ဖျော်ဖြေခဲ့၍ ခြေထောက်ဒဏ်ရာထပ်ဖြစ်၍ ချိုင်းထောက်နှင့် တစ်လအနားယူရမည်ဟု ဆရာဝန်က ညွှန်ကြားထားသည်။

ခြေထောက်ဒဏ်ရာနှင့် ပွဲဆက်များလှုပ်ရှားမှု၏ အကျိုးဆက်ကြောင့် ပရိသတ်စိတ်မကောင်းဖြစ်နေကြသည်။ (SKY)

## Dylan Wang@Wang He Di က အချက်အပြုတ် ကျွမ်းကျင်သူဖြစ်

တရုတ်အနုပညာလောကတွင် နာမည်ကျော်အနုပညာရှင်ဖြစ်သည့် ဒါလန်ဝမ်ခေါ် ဝမ်ဟီဒီသည် အနုပညာစွမ်းရည်သာမက အချက်အပြုတ်စွမ်းရည်လည်း ကျွမ်းကျင်သူဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဝမ်ဘီဒီခေါ်ဒါလန်ဝမ်သည် Hi6 သုံးနှစ်ပြည့်နှစ်ပတ်လည်ပွဲတွင် ပါဝင်ခဲ့ရာ ဖက်ရှင်စတိုင်လ်သစ်နှင့် မြင်တွေ့ရပြီး ရသစုံအစီအစဉ်များတွင် အနုပညာစွမ်းရည်သာမက အားကစားစွမ်းရည်၊ အချက်အပြုတ်စွမ်းရည်ကိုပါ ပြသထား၍ ပရိသတ်အားပေးထားကြသည်။

ဝမ်ဟီဒီအပါအဝင် အနုပညာရှင်လေးဦးဖြစ်သည့် ဘိတ်လျူ၊ ဂေါင်ဂျွမ်၊ မြောင်ဇီယီနှင့် ကျင်းလန်တို့ကို ထုတ်လုပ်သူနှင့် ဒါရိုက်တာများက အလုပ်တွဲလုပ်ရသည်ကို အဆင်ပြေဆုံး အနုပညာရှင်များအဖြစ် ရွေးချယ်ထားကြသည်။

ဝမ်ဟီဒီ၏ ကျော်ကြားမှုမှာ နယ်ပယ်တိုင်းက အသိအမှတ်ပြုခံခဲ့ရပြီး ပရိသတ်များကြား ရေပန်းစားနေသော အနုပညာရှင်ဖြစ်ခဲ့သည်။

(SKY)

0-0-0-0-0-0

## Ibrahim Ham Ali Khan မှာ Sharmila Tagore ၏ မြေးဖြစ်

ဘောလိဝုဒ် ဝါရင့်မင်းသမီးကြီး ရှာမီလာတဂိုး၏မြေး၊ မင်းသား ဆေ့ဖ်အလီခန်း၏သား အီဗရာဟင်အလီခန်း ပွဲဦးထွက်ရှိလာကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာမျိုးရိုးမှ ဆင်းသက်လာသော အီဗရာဟင်အလီခန်းမှာ ရှာမီလာတဂိုး၏မြေး၊ ဆေ့ဖ်အလီခန်းနှင့် အမ်ရိုတားဆင့်တို့၏ သားငယ်၊ မင်းသမီးချော ဆာရာအလီခန်း၏ မောင်ဖြစ်သည်။

အီဗရာဟင်အလီခန်းကို ကရန်ဂျိုဟာ၏ Dharma ထုတ်လုပ်ရေးမှ စင်တင်ပေးပြီး မင်းသားသစ်အဖြစ် ပွဲဦးထွက်ရှိလာမည်ဟု တရားဝင်ကြေညာခဲ့သည်။

ကရန်ဂျိုဟာ၏ Dharma ထုတ်လုပ်ရေးသည် အနုပညာရှင်များ၏ သားသမီးများကို စင်တင်ပေးရုံသာမက နောက်ခံမရှိသူများကိုလည်း မြေတောင်မြှောက်ပေးခဲ့ရာ အာလီယားဘတ်မှာ အအောင်မြင်ဆုံး အနုပညာရှင် ဖြစ်ခဲ့သည်။

(SKY)



## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်းကျေးရွာ၊ ကွင်းအမှတ်နှင့်အမည် (၅၃၆/ဘိုတက်ကုန်း)၊ ဦးပိုင်အမှတ်(၂၈/၂)၊ ဧရိယာ(၀ ဒသမ ၆၇)ဧက အကျယ်အဝန်းရှိ ဒေါ်ပန်ထွယ် အမည်ဖြင့် လယ်မြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားသော မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဒေါ်ပန်ထွယ်(ဘ)ဦးဌွန်းအောင်(၁/မကန(နိုင်)၁၄၅၄၆၂)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများအနက်မှ ငွေကြေးအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးနေမျိုးဇော်**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၇၅၅)**

| ဦးဝေဖြိုးကျော် | ဒေါ်သူဇာဝင်း | ဦးမင်းသူ |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၆၀) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၁၁၁) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၄၈၆) |

**အမှတ်(န–၃/၂၈)၊ ၆၂(A)လမ်း၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၄၁၀၁၈၄၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၄)၊ ဦးပိုင်နံပါတ်(၈၀)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒုတပ်ကြပ် မောင်ဝင်းအမည်ပေါက် ဂရန်မြေကွက်၊ ဦးပိုင်နံပါတ်(၇၅)ဟု ခေါ်တွင်သော ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တပ်သား စိုးတင့်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဗီရ်ပါးလ်ဆင်(ဘ)ဦးမန်ဂျစ်ဆင် (၁/မကန(နိုင်)၁၈၉၂၈၉)[၎င်း၏ကိုယ်စား ဖခင်ဖြစ်သူ ဦးမန်ဂျစ်ဆင်(ဘ)ဦးရာဂျင်ဒါဆင်(၁/မကန(နိုင်)၀၁၃၁၈၉)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်များအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစ်အောင် (LL.M) | ဦးကြည်ယံ (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမို့မို့ထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁)၊ ဦးပိုင်နံပါတ်(၅၈)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀)အကျယ်အဝန်းရှိ ဒေါ်ခိုင်မေဖြူ အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀ ×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ခိုင်မိုး(ခ)ဦးအောင်လှိုင်ထွန်း(ဘ)ဦးကြာမြင့်(၈/ဆမန(နိုင်)၀၀၆၂၇၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစ်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၉၂)၊ ဦးပိုင်အမှတ်(၆)၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ရွှေလုံဗိုလ်လမ်းနှင့် ပန်းပဲမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန့်ဇင်(၉/မနတ(နိုင်)၀၅၇၃၈၁)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၂/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးကို(၁၃/တကန(နိုင်)၀၀၆၅၆၆)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၃)၊ဦးပိုင်အမှတ်(၃၅-က)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဆွေ(ခ)ကျော်လွင်(၁၂/လသန(နိုင်)၀၀၉၀၈၂)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၁၁၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခင်အောင်(၉/မရမ(နိုင်)၀၈၁၀၄၇)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၃)၊ ဦးပိုင်အမှတ်(၅၉-က)၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အုန်းရင်(ခ)ဒေါ်အုံးရင်(၉/မခန(နိုင်)၁၁၉၂၃၂)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နုနုသင်း(၉/မနမ(နိုင်)၁၁၀၇၇၅)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၁၁)၊ ဦးပိုင်အမှတ်(၃-က)၊ ရန်-မန်းလမ်းနှင့် ကိုလံဘိုမြောင်းကြား၊ ၁၁၄လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းရီ(၁၂/တမန(နိုင်)၀၄၃၅၉၃)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ်(၉၀)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိသော မြေကွက်သည် ဦးကျော်တိုးဆန်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသူ ဦးကျော်လင်းအောင်(ဘ)ဦးတင်ဝင်း(၉/တတဥ(နိုင်)၀၇၇၀၈၉)ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမှုရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမိုးကျော်(LL.B) တရားလွှတ်တော်ရှေ့နေ**

**တတ–၄၂/၃၉၊ ၅၃(ဘီ)လမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၉၇၂၉၇၃၀၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၃/၃)၊ ဦးပိုင်အမှတ်(၄၇၁)၊ ဧရိယာ အရှေ့လှည့် တောင်မြောက်(၂၆)ပေ၊ အရှေ့အနောက် (၃၉)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ် (၁)ထပ်အဆောက်အအုံ၊ (ရေ+မီး)အစုံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်ပပမင်း(ဘ)ဦးညီလေး(၅/ကနန(နိုင်)၀၃၆၄၇၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ ပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမှုရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးထွန်းနိုင်ဝင်း (LL.B , DBL)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၅၀)**

**၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၆၇၄၇၅၆ ၊ ၀၉–၄၀၂၅၉၅၀၂၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ လမ်း ၆၀၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ အကွက်အမှတ်(၅၁၄/၇)၊ [အိမ်ခွန်ပြေစာအရ အကွက်အမှတ် (၄၁၄-က)၊ ဦးပိုင်အမှတ်(၅၉/၁)]တွင် တည်ရှိသော မျက်နှာစာ (၂၅ပေ)၊ အရှည် (၃၆ပေ) အကျယ်အဝန်းရှိ မြေပြင်တွင် ပိုင်းခြားကာရံထားပြီး မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမြင့်ရွှေ၊ ဒေါ်ပြည့်တို့၏ သားသမီးများဖြစ်ကြသော ၁။ ဦးထွန်းထွန်းလင်း၊ ၂။(ကွယ်လွန်သူ ဦးမြင့်နိုင်ဦး၏ဇနီး) ဒေါ်ယုယုလေး၊ ၃။ (ကွယ်လွန်သူ ဒေါ်မြင့်သန္တာ၏ခင်ပွန်း)ဦးမင်းမင်း၊ ၄။ ဒေါ်မြဝင်း၊ ၅။ ဒေါ်အေးစန္ဒာ၊ ၆။ ဒေါ်သိန်းသိန်း၊ ၇။ ဒေါ်ဖြူဖြူဝင်းတို့က ပိုင်ဆိုင်ကြောင်း အဆိုပြုရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမှုရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ညွန့်စိန်(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၆၉–အေလမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၆၃၆၁၄၀၁၊ ၀၉–၄၄၁၀၂၇၃၀၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်၊အကွက်အမှတ်(၄၉၈-က/ကျိုကုန်း)၊ တိုးချဲ့(၃)၊ ဦးပိုင်အမှတ်(၃၈၇+၃၈၈)၊ မြေဧရိယာ(၀ ဒသမ ၁၁)ဧက အကျယ်အဝန်းရှိ ဦးသောင်းရွှေနှင့် ဒေါ်မြမြအေးတို့ အမည်ပေါက် ဂရန်မြေကွက်အတွင်းရှိ ဦးပိုင်အမှတ်(၃၈၇)၊ ဧရိယာ ပေ(၄၀ × ၆၀) အနက်မှ တောင်ဘက်ခြမ်းဧရိယာ ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ + မီး(မီတာ) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးမြင့်လွင်(ဘ)ဦးထွန်းစိန်(၉/မရတ(နိုင်)၀၈၈၆၄၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးရဲဇော်ဦး (LL.B, (Q), D.B.L) | ဦးဇော်ဝင်းမောင် (LL.B) |
|---|---|
| (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေ) |

**သုခမင်္ဂလာ(၂)ရပ်ကွက်၊ ယုဇနလမ်း၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉–၄၀၂၆၂၆၃၉၃၊ ၀၉–၉၇၉၄၁၅၅၆၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာ မဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေး

## လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် ရုရှားဖက်ဒရယ်ကောင်စီလွှတ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်အဆောက်အဦသို့ ရောက်ရှိကြရာ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖက်ဒရယ်ကောင်စီလွှတ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌက ဖက်ဒရယ်ကောင်စီလွှတ်တော်မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ဆက်လက်၍ ဖက်ဒရယ်ကောင်စီလွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံပွဲကို ကျင်းပပြုလုပ်၍ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အစိုးရအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုအခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်မှ လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၌ လွှတ်တော်ပြန်လည်ဖွဲ့စည်းပြီးချိန်၌ လွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဖက်ဒရယ်ကောင်စီမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်